ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (5-3-2007) (၅၂၅၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ရေးပြ စစ်ကြောင်းကြီးများအား အဆို၊ အက၊ အငြိမ့်များဖြင့် ဖျော်ဖြေမှု ကြည့်ရှုအားပေး

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများအား အဆို၊ အက၊ အငြိမ့်များဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၄

(၆၂)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီရုပ်မြင်သံကြား)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက ယမန်နေ့ ည ၇ နာရီတွင် အဆို၊ အက၊ အငြိမ့်များဖြင့် ဖျော်ဖြေရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်၊ စစ်ကြောင်းမှူးကြီးများနှင့် အရာရှိကြီးများ ကြည့်ရှုအားပေးကြသည်။

ထိုသို့ဖျော်ဖြေရာတွင် အနော်ရထာစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့၌ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် စိန်သရဖူ အငြိမ့်ဖြင့်လည်းကောင်း၊ ဘုရင့်နောင် စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် ပြည်ကြီးမဏ္ဍိုင်အငြိမ့်ဖြင့်လည်းကောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီရုပ်မြင်သံကြား)မှ စင်တင်တေးဂီတနှင့် မြဝတီအငြိမ့်ဖြင့်လည်းကောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့၌ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် နဝရတ်ကိုးသွယ်အငြိမ့်တို့ဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းများရှိ တပ်ရင်းမှူးများ၊ အရာရှိများနှင့် စစ်သည်များက ပျော်ရွှင်စွာ တစ်ခဲနက် ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှပဝေဆာ ပန်းဈေးကမ္ဘာ

ယခုလသည် အရွက်ပန်းရာသီဖြစ်၍ ဇော်စိမ်း၊ ဇော်ကျား၊ ဇော်လုံး၊ ရွက်လှနှင့် သပြေပန်းများ အရောင်းသွက်သလို ကုန်စည်စီးဆင်းမှုမှာလည်း များပြားလှသည်။ ဆယ့်နှစ်ရာသီပန်းဖြစ်ပြီး ကြာရှည်ခံ ပန်းများလည်း ဖြစ်သဖြင့် အရောင်းသွက်လှသည်။ ယင်းပန်းများသည် သဃ်န်းကျွန်း၊ လှည်းကူး၊ မှောက်ချောကုန်းတို့မှ ထွက်ရှိသည်။

မိမိအောင်နှင့် စန်းစန်းအေး(ကြေးမုံ)တို့၏ သတင်းဆောင်းပါး၊ (စာမျက်နှာ–၁၀)

ကြေးမုံ The Mirror ဆောင်းပါး အညွှန်း

လူကုန်ကူးမှုသည့် ပြည်ပအလုပ်အကိုင်များနှင့် စပ်ဆက်လျက်ရှိရာ တရားမဝင်သွားကြလျှင် လူကုန်ကူးမှုကွန်ရက်အတွင်း အနည်းနှင့်အများ သက်ဆင်းကြရဖွယ်ရှိသည်။ ကိုယ့်နိုင်ငံအတွင်း အိမ်ဖော်လုပ်လျှင်ပင် အိမ်ရှင်က မတရားညှဉ်းပန်းနှိပ်စက်ပါက မြန်မာတိုင်းရင်းသားအချင်းချင်း ထိုကိစ္စကို လက်ပိုက်ကြည့်မနေဘဲ သက်ဆိုင်ရာနှင့် ညှိနှိုင်းဖြေရှင်းနိုင်ကြသည်။

မောင်ဆွေဝင်း(ပဲခူး)၏ **"ပြည်ပသို့ သွားလိုသူများ မှန်ကန်သည့်နည်းလမ်းကို သုံးစေချင်"** (ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၅-၃-၂၀၀၇
(တနင်္လာနေ့)

ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအကျိုးပြု ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် မတ်လ ၃ ရက်နေ့က ဧရာဝတီတိုင်းသို့သွားရောက်၍ မမြရေလှောင်တမံစီမံကိန်း၊ ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းနှင့် ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မမြရေလှောင်တမံစီမံကိန်းသို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားရာတွင် **“ယခုအခါ နိုင်ငံတော်၌ ဆည်တမံလုပ်ငန်းပေါင်း ၂၀၀ နီးပါးခန့်ကို တည်ဆောက်အကောင်အထည်ဖော်နိုင်ပြီဖြစ်၍ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အားရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ ရေအားလျှပ်စစ်စီမံကိန်းများ ပူးတွဲပါလျှင်လည်း မိမိကိုယ်တိုင် တည်ဆောက်လုပ်ကိုင်နိုင်အား ရှိရမှာဖြစ်ကြောင်း၊ အထူးသဖြင့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင်လုပ်ကိုင်နိုင်စွမ်းရှိရမှာဖြစ်ကြောင်း”** ပြောကြားသွားသည်။

မမြရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးရေသာမက ရေအားလျှပ်စစ် ကီလိုဝပ် ၅၀၀ ကိုပါ ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းများ ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးနေပြီဖြစ်သည်။

နိုင်ငံတော်က နိုင်ငံတစ်ဝန်းတွင် ဆည်မြောင်းတာတမံစီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများကို ကိုယ်ပိုင်စွမ်းအားဖြင့် စဉ်ဆက်မပြတ်တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ တည်ဆောက်ပြီးစီးသည့် ရေလှောင်တမံစီမံကိန်း ၃၆၈ ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၀၅ ခုမှ ရေသွင်း စိုက်ဧက ၇ ဒသမ ၃ သန်းကျော်အထိ အကျိုးပြုနေပြီဖြစ်သည်။ ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ဧကသည် စိုက်ပျိုးမြေ၏ ၁၈ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာပြီဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်က အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည့် ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ အလျင်အမြန် ပြီးစီးသည်နှင့်အမျှ ပြည်သူများအနေဖြင့် အကျိုးကျေးဇူး မြန်မြန်ခံစားကြရမည် ဖြစ်ပြီး ဒေသ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၀)ရပ်ကွက် ဓမ္မာရုံလမ်းနေ ဒေါ်တင်အေးမြင့် (စေတနာရှင် ထမင်းဆိုင်) မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ပုသိမ်မြို့ ကမ်းနားလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၄

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် အတွင်းရေးမှူးများနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးထွန်းထွန်းက လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။ ယင်းနောက် လမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် ရပ်ကွက်နေပြည်သူများကိုယ်စား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးအောင်မြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးထွန်းထွန်းက ဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်သည်။

ထို့နောက် ကတ္တရာလမ်းသစ်အား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ကတ္တရာ ထပ်ပိုးလွှာခင်းသည့် ကမ်းနားလမ်းမှာ အရှည်ပေ ၇၀၀၊ အကျယ် ၂၄ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် သိန်း၄၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅၈ ဒသမ ၅ သိန်း စုစုပေါင်း ကုန်ကျငွေကျပ် ၉၈ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သောလမ်း ဖြစ်သည်။ အဆိုပါ လမ်းအပိုင်း(၁)အား ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၁၀၁သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၂၀ စုစုပေါင်း ကျပ် ၂၂၁ သိန်းဖြင့် လမ်းအရှည် ၄၅၃၅ ပေ၊ အကျယ် ၂၄ ပေရှိ ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ကမ်းနားလမ်းအပိုင်း (၂)အား အဖွဲ့ရန်ပုံငွေကျပ် ၂၀၅ သိန်း၊ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၄၉၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ်သိန်း ၂၂၀ စုစုပေါင်းကျပ် သိန်း ၉၂၀ ဖြင့် ကွန်ကရစ်လမ်းအရှည်ပေ ၂၃၅၀၊ ကတ္တရာလမ်းအရှည်ပေ ၈၄၀၀အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာသို့ ရောက်ရှိပြီး ဆပ်ကွင်းကျေးရွာတွင် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဆရာဝန်များက ကျေးလက်ပြည်သူများအား စေတနာ့ဝန်ထမ်း ဆေးကုသပေးနေမှုများကိုလှည့်လည်ကြည့်ရှုရာ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် တွဲဖက်အတွင်းရေး မှူး ဦးအောင်တင်မြင့်တို့က ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဆေးကုသရန် ရောက်ရှိလာသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးပစ္စည်းများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဆပ်ကွင်းကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးလက်ပြည်သူ ၃၅၀၀ ကျော်နှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် အထူးဒေသကြီး ၂၄ ခု စီမံကိန်းများကြောင့် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်း၊ ဆပ်ကွင်းကျေးရွာအား စံပြကျေးရွာအဖြစ် တည်ဆောက်၍ လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ကွင်းယားကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဝင်းခိုင်နှင့် ဆပ်ကွင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် စကျော်စိုးမိုးတို့က ကျေးရွာ၏ လိုအပ်ချက်များအား တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဆပ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်ပြုပြင်ရေး၊ ကျောက်ချောလမ်းဖြစ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမန်းဦးသောဘိတ တရားပွဲ

ရန်ကုန် မတ် ၄

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ၄၉ အဝါရောင်ကားဂိတ်အနီးရှိ ကန်ဦးကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံကျော်ဓမ္မကထိက ရွှေမန်းဦးသောဘိတသည် ကျောက်တန်းမြို့နယ် ရှမ်းကျောင်းကျေးရွာ ဓမ္မသဘင်မဏ္ဍပ်၌ မတ် ၈ ရက်၊ ၉ ရက် ညများတွင် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



ရခိုင်ပြည်နယ် ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် ဆရာတော်ထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်နွယ်ဖွား ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၄

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့(ရန်ကုန်)က ကြီးမှူးပြီး အကြိမ်(၂၀)မြောက်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရခိုင်နွယ်ဖွားသံဃာတော် အရှင်သူမြတ် ၂၄ ပါးနှင့် အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးတို့အား ချီးကျူးဂုဏ်ပြုပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းက အခမ်းအနားဖွင့် စာတမ်းဖတ်ကြားပြီး စစ်တွေမြို့ မဏိရတနာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသောမထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များက ရွတ်ပွားသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဘဒ္ဒန္တသုစိတ္တာဘိဝံသက ဂုဏကရပူဇနိယဂါထာဖြင့်လည်းကောင်း၊ အဆိုတော်ဒေါ်စိန်စိန်အေးက မင်္ဂလာပိုဒ်စုံရတုဖြင့်လည်းကောင်း ချီးကျူးပူဇော်ကြပြီး ဒုတိယနာယကချုပ် ဦးမင်းကြည်က သာသနာတော်ဆိုင်ရာများ လျှောက်ထားကာ ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာပဏ္ဍိတသုံးပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရတစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတသုံးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတကိုးပါး၊ ဂန္ထဝါစကပဏ္ဍိတတစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇလေးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇတစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ နှစ်ပါးနှင့် မဟာသီရိသုဓမ္မသင်္ဂီ ဘွဲ့တံဆိပ်တော်ရ ဒေါ်ကြည်ကြည်ဆွေ (သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်)တို့၏ ထေရုပ္ပတ္တိတို့ကို ဖတ်ကြားကာ တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဆုတံဆိပ်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်ကြသည်။

ယင်းနောက်ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒက သြဝါဒကထာ ချီးမြှင့်တော်မူပြီး ဆရာတော်၊ သံဃာတော်များအား ပရိသတ်တို့က လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြ၍ ဘဒ္ဒန္တဣန္ဒပါလထံမှ သာဓုအနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ပသို့ သွားလိုသူများ မှန်ကန်သည့် နည်းလမ်းကို သုံးစေချင်

မောင်ဆွေဝင်း (ပဲခူး)

တလောက မိတ်ဆွေတစ်ဦး၏ သားရေးသမီးရေးကိစ္စတစ်ခုသည် ကျွန်တော့်ထံကိုပါ ရိုက်ခတ်လာသဖြင့် တော်တော်စိတ်ပင်ပန်းသွားပါသည်။ ဖြစ်ပုံကဒီလိုပါ။ ထိုမိတ်ဆွေ၏ အသက် ၂၅နှစ်ခန့်အရွယ် သမီးသည် သူ့ချစ်သူနောက် လိုက်သွားခြင်းဖြစ်သည်။ ဒီကိစ္စလာပြောတော့ ကျွန်တော်ကပင် သီးချိန်တန်သီးလို့ ပွင့်ချိန်တန်ပွင့်တာပဲဗျာဟု နှစ်သိမ့်ရသည်။ ဒါတော့ ဒါပေါ့ဗျာ၊ ကျွန်တော်လည်း ငယ်ရာကကြီးလာတာပဲ၊ ဒီလိုပဲ အိမ်ထောင်ပြုခဲ့လို့ သားသမီးတွေတောင် ဒီအရွယ်ရောက်လာပြီ၊ အခုဟာက သူတို့ ထွက်ပြေးကြတာ ၁၀ရက်ကျော်နေပြီ၊ လိုက်စုံစမ်းတော့လဲ အစပျောက်နေတယ်၊ သမီးရှင်ပေမယ့် သူ့အစ်ကို၊မောင်တွေကို လိုက်ပြီး စုံစမ်းခိုင်းရတာပေါ့။ ယူတာက ယူပါဗျာ၊ ဒါပေမယ့် လူကုန်ကူးတာတို့ ဘာတို့နဲ့ တွေ့သွားလို့ ရင်ကျိုးမခံနိုင်ဘူး။ သူ့အမေဆို မျက်ရည်နဲ့ မျက်ခွက်ဗျာဟု မိတ်ဆွေက ပြန်ရှင်းပြလိုက်သောအခါမှ ကျွန်တော် ထိတ်လန့်သွားမိသည်။

မိတ်ဆွေများ၊ သမက်လောင်းအကြောင်း မတွေးနိုင်ဘဲ သူ့သမီး ရောင်းစားခံရမှာကိုသာ ကျော်ပြီး တွေးထိတ်ရင်ပူနေပါသည်။ တော်ပါသေးသည်။ နှစ်ပတ်လောက်အကြာမှာ သူတို့စုံတွဲကိုတွေ့၍ အိမ်ခေါ်လာကာ ထိမ်းမြားပေးလိုက်ခြင်းဖြင့် အပူမီးအားလုံး ငြိမ်းသွားရှာပါတော့သည်။

စင်စစ် လူလူချင်း အရောင်းအဝယ်လုပ်ကြခြင်းသည် လူကုန်ကူးခြင်း ပင်ဖြစ်ရာ ရှေးခေတ်၊ ရောမခေတ် ကျွန်စနစ်နှင့် ဘာမျှ မခြားနားလှပါ။ လူသည် ယဉ်ကျေးသောသတ္တဝါဖြစ်သည့်အလျောက် ဤသို့သော စက်ဆုပ်ရွံရှာဖွယ် အပြုအမူများကို လူ့အသိုင်းအဝိုင်းက လက်မခံ ဆန့်ကျင်ခဲ့ကြတာ ကြာပြီဖြစ်သည်။ အံ့မခန်း တိုးတက်လာနေသော နည်းပညာများအရ ကမ္ဘာကြီးသည် ရွာကြီးဖြစ်လာပြီဖြစ်ရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကလည်း ကိုယ့်ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအလိုက် မရှားပါးလှပါ။

ထို့ထက် သတင်းစာများတွင် ဖော်ပြပါရှိသော လူကုန်ကူးသူများကို ဖော်ထုတ်ဖမ်းဆီးကာ ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နေခြင်းများ၊ အထူးသဖြင့် ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်သူ မြန်မာအချို့ ခေါင်းပုံဖြတ် လူကုန်ကူးခံရမှု သတင်းများသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းအတွက် အော့နှလုံးနာစရာ သတင်းများပင် ဖြစ်တော့သည်။ မိမိနိုင်ငံမှ အခြားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ခြင်းကို မည်သည့်နိုင်ငံကမျှ တားဆီးပိတ်ပင်ထားခြင်း မရှိပေ။ သွားနိုင်ကြပါသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ လူကုန်ကူးမှုသတင်း ဖတ်လိုက်ရတော့ အံ့သြခြင်းထက် ဒေါသထွက်စရာ ကောင်းလှသည်ကို တွေ့လိုက်ရသည်။ Human Trafficking Multi-Disciplinary အဖွဲ့က ထိုင်းနိုင်ငံရှိ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံ တစ်ရုံအား ဝင်ရောက်စစ်ဆေးပြီး ခေါင်းပုံဖြတ်လူကုန်ကူးခံရသူ မြန်မာ အလုပ်သမား ၆၆ဦးအား ဖော်ထုတ်စောင့်ရှောက်ထားကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာစုံစမ်းပြီး အမှုမှန်ကန်မြန်ဆန်စွာ တည်ဆောက် စစ်ဆေးအရေးယူရေးနှင့် ဆုံးရှုံးနစ်နာမှု လျော်ကြေးများရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တရားမဝင် သွားရောက်လုပ်ကိုင်သောသူအချို့ ခုနစ်နှစ်တာမျှအထိ လုပ်အားခမရဘဲ ချုပ်နှောင်ညှဉ်းပန်းနှိပ်စက်မှု ခံနေရသဖြင့် လူကုန်ကူးမှုမခံရရေးနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုပါက နည်းလမ်းတကျ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ထိုသတင်းက ဆိုပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးလာချိန်မှစ၍ ပြည်ပသို့ ထွက်ခွာကာ အလုပ် လုပ်ကိုင်သူ များပြားလာကြောင်း တွေ့ရပါသည်။ ကျွန်တော့်မိတ်ဆွေ အတော်များများသည်သူတို့၏ သား၊ သမီး၊ တူ၊ တူမများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ရေးကိစ္စတွင် ကျွန်တော့်အား အကူအညီ တောင်းခံလေ့ရှိသည်။ ကျွန်တော်က တရားဝင်ဖွဲ့စည်းဆောင်ရွက်နေသော၊ တိကျခိုင်မာသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်များနှင့် ဆက်သွယ်ပေးလိုက်သည်။ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအလိုက် အလုပ်သွားလုပ်သူတွေ အများကြီး ရှိပါသည်။

မြန်မာနိုင်ငံတွင်ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ကို သက်ဆိုင်ရာက အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း သုံးသောင်းကျော်ရှာဖွေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုအထဲတွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေပြီး သွားလာရလွယ်ကူသော ထိုင်းနိုင်ငံသို့ လူပေါင်းစုံ သွားရောက်ကြကြောင်း တွေ့ရသည်။ တချို့ မသိနားမလည်သူများသည် လူမဆန်သော ပွဲစားများ၏ အကူအညီကို အားကိုးတကြီး ရယူကာ သွားရောက်ကြရာတွင် ဟိုရောက်တော့ ထပ်ပြီး လူမဆန်သည့်အလုပ်ရှင်နှင့် တွေ့ကာ ဒုက္ခပင်လယ်ဝေကြရတော့သည်။

ဘာပဲလုပ်လုပ် ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေဘောင်အတွင်းက စည်းကမ်းတကျ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးနှင့် စိတ်အချမ်းသာဆုံး ဖြစ်ပါသည်။ ယခုဆိုလျှင် မြန်မာ-ထိုင်း နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက် အလုပ် လုပ်ကိုင်နိုင်ကြပြီ။ တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းကို ၆-၁၁-၂၀၀၆ရက်ကစပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းမှုအရ အလုပ်သမားအသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ အကုန်အကျသက်သာစွာ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

ယခင်ကာလက ထိုင်း-မြန်မာနယ်စပ်ဂိတ်များတွင် နေ့ချင်းပြန်လက်မှတ်လုပ်ကိုင်ပြီး ထိုင်းနိုင်ငံထဲ ဝင်ရောက်သွားကာ ရက်ရှည်လများ ပြန်မလာဘဲ အလုပ်လုပ်နေသူတစ်ဦးက ပြောပြသည်မှာ တရားမဝင်အလုပ်သမားဆိုပြီး ထိုင်းအလုပ်ရှင်က လုပ်အားခကို ပေးချင်သလောက်ပေးကြောင်း၊ လုပ်ငန်းခွင်ထဲမှာလည်း ကျီးလန့်စာစားနေရကြောင်း၊ မြို့ထဲ လျှောက်မလည်ရဲကြောင်း၊ ရဲဖမ်းမှာ စိုး၍ဖြစ်ကြောင်း၊ တရားဝင်အလုပ်သမားတွေ ရနေတဲ့ အခွင့်အရေးမှန်သမျှ အကုန်ဆုံးရှုံးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်လာကာ တရားဝင်လက်မှတ်ဖြင့် ဆက်လက်အလုပ်လုပ်သဖြင့် အဆင်ပြေကြောင်း ဆိုပါသည်။

လူကုန်ကူးမှုသည် ပြည်ပအလုပ်အကိုင်များနှင့် ဆက်စပ်လျက်ရှိရာ တရားမဝင်သွားကြလျှင် လူကုန်ကူးမှုကွန်ရက်အတွင်း အနည်းနှင့်အများ သက်ဆင်းကြရဖွယ် ရှိသည်။ ကိုယ့်နိုင်ငံအတွင်း အိမ်ဖော်လုပ်လျှင်ပင် အိမ်ရှင်က မတရားညှဉ်းပန်းနှိပ်စက်ပါက မြန်မာတိုင်းရင်းသားအချင်းချင်း ထိုကိစ္စကို လက်ပိုက်ကြည့်မနေဘဲ သက်ဆိုင်ရာနှင့် ညှိနှိုင်းဖြေရှင်းနိုင်ကြသည်။ ပြည်ပရောက်သွားပြီးမှ ထိုသို့ ခေါင်းပုံဖြတ် အနှိပ်စက်ခံနေရလျှင် ကယ်သူဝေး၍ နှစ်ချီကာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရကြောင်း သာဓကများ အထင်အရှား ရှိနေလေပြီ။

သမီး ယောက်ျား ယူသွားတာကို လူကုန်ကူးမှုနှင့် ဆက်စပ်ပူပန်ခဲ့ရရှာသော ကျွန်တော့်မိတ်ဆွေလင်မယားကို အပြစ်တင်ကဲ့ရဲ့စရာ မလိုပါ။ သူကပင် ကျွန်တော့်ကို သတိပေးပါသေးသည်။ ခင်ဗျားမှာလဲ သမီးတွေ ရှိတယ် မဟုတ်လား။ အရွယ်ရောက်လို့ အိမ်ထောင်ပြုတော့မယ်ဆိုရင် ပွင့်ပွင့်လင်းလင်းသာ အသိပေးဖို့ ကြိုပြောထားနော်ဟု ဆိုလိုက်ရာ ကျွန်တော့်အလှည့်တွင် သူ့လိုမဖြစ်ရန် ကာကွယ်တားဆီးထားရတော့မည် ဖြစ်ပါသည်။ ။

ဘာပဲလုပ်လုပ် ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေဘောင်အတွင်းက စည်းကမ်းတကျ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးနှင့် စိတ်အချမ်းသာဆုံး ဖြစ်ပါသည်။ ယခုဆိုလျှင် မြန်မာ-ထိုင်း နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက် အလုပ် လုပ်ကိုင်နိုင်ကြပြီ။ တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းကို ၆-၁၁-၂၀၀၆ရက်ကစပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းမှုအရ အလုပ်သမားအသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ အကုန်အကျသက်သာစွာ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

လူကုန်ကူးမှုသည် ပြည်ပအလုပ်အကိုင်များနှင့် ဆက်စပ်လျက်ရှိရာ တရားမဝင် သွားကြလျှင် လူကုန်ကူးမှုကွန်ရက်အတွင်း အနည်းနှင့်အများ သက်ဆင်းကြရဖွယ် ရှိသည်။

စွယ်တော်မြတ်အား ရွှေဆွဲပြားကပ်လှူပူဇော်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း မြသိန်းတန် အောင်ဓမ္မာရုံတွင် ကိန်းဝပ်စံပျော်တော်မူသော စွယ်တော်မြတ်အား ရွှေချိန်တစ်ကျပ်သား ရွှေဆွဲပြားကို စမ်းချောင်းမြို့နယ် မင်းလမ်းနေ အငြိမ်းစားဘဏ်မန်နေဂျာဦးတင်စိန်နှင့်ဇနီး အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းအေး (ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်)တို့က မွေးနေ့အထိမ်းအမှတ်နှင့် (၃၉)နှစ်မြောက် မင်္ဂလာနေ့အထိမ်းအမှတ် အဖြစ်

ဖေဖော်ဝါရီ ၂၆ရက်က လှူဒါန်းရာ ဂန္ဓကုဋိစွယ်တော်တိုက်ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးလှမြင့် (ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) က လက်ခံယူသည်။ **(အပေါ်ပုံ)**

(က-ပ)

မီး သတိပြု

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာ့သံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁၄)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၉)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ဂျကာတာရှိ အမေရိကန်သံရုံး ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံရ

ဂျကာတာ မတ် ၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အမေရိကန်သံရုံးသို့ မတ်လ ၁ ရက်က ဗုံးသတိပေးချက် လက်ကိုင်ဖုန်းမှ တစ်ဆင့် ရောက်ရှိလာသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ခြိမ်းခြောက်

အဆိုပါ လက်ကိုင်ဖုန်းသတင်း၏ အဆုံး၌အယ်လ်ခိုင်ဒါအဖွဲ့ဟူ၍ရေးသားထားသည့် စာသားလည်း ပါရှိသည်ဟု ဆိုသည်။ ယင်းသတိပေးချက်တွင် မိနစ် ၃၀အတွင်း သံရုံးကို ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက်ထားကြောင်း ဆက်သွယ်ရေး ကြီးကြပ်မှုဗဟိုဌာနမှ ဒီဆပ်အယ်လ်ကိုးလ်က ပြောကြားသည်။

ခြိမ်းခြောက်

ပထမသတင်းကို စတင်ရရှိချိန်မှာ နံနက် ၁၁ နာရီ ၂၂ မိနစ် ဖြစ်ပြီး ထိုသတင်းကိုပင် နောက်တစ်မိနစ် အကြာတွင် ထပ်မံရရှိသည်။

ဖော်ပြပါ သတိပေး ခြိမ်းခြောက်သည့်သတင်းကို ရရှိကြောင်း အမေရိကန်သံရုံးက အတည်ပြုပြောကြားသည်။

သတိပေး

လုံခြုံစွာကာရံစောင့်ကြပ်ထားသည့် သံရုံးဝင်းအတွင်း ယင်းသတိပေးချက်ရရှိပြီးနောက် ရှာဖွေမှုများကို ပြုလုပ်ခဲ့သော်လည်း မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာ မတွေ့ရဟုဆိုသည်။

ယခု တစ်ကြိမ် ရှာဖွေမှုသည် ရက်အနည်းငယ်အတွင်း ဒုတိယအကြိမ် ရှာဖွေခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပီကာဆိုပန်းချီကား ပြင်သစ်တွင် အခိုးခံရ

ပါရီ မတ် ၃

ပြင်သစ်နိုင်ငံတွင် ယူရိုသန်း ၅၀ (အမေရိကန် ဒေါ်လာ၆၆သန်း) တန်ဖိုးရှိ ပီကာဆိုပန်းချီကားနှစ်ချပ် ယခုရက်သတ္တပတ်အတွင်း ခိုးယူခြင်းခံရကြောင်း၊ ပီကာဆို၏မြေး နေထိုင် သောပါရီမြို့ နေအိမ်မှ ယင်းပန်းချီကား နှစ်ချပ်ကို ခိုးယူသွားကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ခိုးယူသွားသော ပန်းချီကားချပ်မှာ ပီကာဆို၏သမီး မာယာ၏ရုပ်ပုံနှင့် ၎င်း၏ ဒုတိယဇနီး ဂျာကွီလင်တို့၏ ပုံတို့ဖြစ်သည်။ မာယာ၏ သမီး အနုပညာမျိုးဆက် ဒိုင်နာဝီမာ ပီကာဆိုနှင့် ၎င်း၏ သူငယ်ချင်း အိပ်ပျော်နေစဉ် အဆိုပါ ပန်းချီကား နှစ်ကားကို ခိုးယူသွားခြင်းဖြစ်ကြောင်း ရှေ့နေပေါလ် လွန်ဘက်ဒ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပီကာဆို၏ ပန်းချီလက်ရာသည် ကမ္ဘာတွင် တန်ဖိုးအကြီးမားဆုံး ပန်းချီကားလက်ရာများတွင် ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကမြောက်ပိုင်း အလာစကာဒေသ၌ တစ်နာရီ မိုင် ၅၀ နှုန်း လေပြင်းများတိုက်ခတ်ပြီး နှင်းများထူထပ်စွာ ကျနေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဂျင်တီးနားရဲတပ်ဖွဲ့ ဆေးခြောက် သုံးတန်သိမ်းဆည်းရမိ

ဗျူနိုအေရိစ် မတ် ၃

အာဂျင်တီးနားနိုင်ငံ အရှေ့ မြောက်ပိုင်း မစ်ရှင်ပြည်နယ်တွင် အာဂျင်တီးနား အမျိုးသား လက်နက်ကိုင် ရဲတပ်ဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က လမ်းကြော စစ်ဆေးရေးပြုလုပ်နေစဉ် ဆေးခြောက်သုံးတန်ကို သိမ်းဆည်းရမိကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါမူးယစ်ဆေးဝါးကို ပါရာဂွေးနိုင်ငံမှ မောင်းနှင်လာသော ကုန်တင်ကားတစ်စီးပေါ်တွင်ဝှက်၍သယ်ဆောင်လာကြောင်း၊ ယာဉ်မောင်းကိုလည်း ဒေသဆိုင်ရာ အာဏာပိုင်များက ဖမ်းဆီးထားကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် ကားဈေးကွက်အတွင်း တရုတ်ကားများ ဝင်ရောက်လာမည်

လော့စ်အိန်ဂျလိစ် မတ် ၃

အမေရိကန်ဈေးကွက်၌ တရုတ်နိုင်ငံလုပ်ကားများ ရောင်းချသွားရန် ဒိမ်မလာခရိုက်စလာ အမေရိကန် ကားကုမ္ပဏီကြီးက သဘောတူလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်ထုတ် လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာက ဖော်ပြသည်။

ယူဆ

အမေရိကန်ကားကုမ္ပဏီနှင့် သဘောတူညီမှုရသွားသော တရုတ်ကားကုမ္ပဏီသည် ချယ်ရီမော်တော်ကား ကုမ္ပဏီဖြစ်သည်။ ထိုသဘောတူညီချက်ကို တရုတ်အစိုးရအနေဖြင့်မတ်လကုန်ပိုင်းလောက်တွင် အတည်ပြုပေးနိုင်လိမ့်မည်ဟု ယူဆရကြောင်း သတင်းများက ဆိုသည်။

ပူးပေါင်း

ထိုသဘောတူညီမှုအရ ဒိမ်မလာခရိုက်စလာ၏ကုမ္ပဏီခွဲသည် တရုတ်ကုမ္ပဏီနှင့် ပူးပေါင်းပြီး တရုတ်နိုင်ငံ၌ပင် ကားများထုတ်လုပ်မည်ဖြစ်သည်။ ယင်းသို့ ပူးပေါင်းထုတ်လုပ်ထားသော ကားများတွင် ဂျစ်နှင့် ဒေါ့ဂျစ်အမျိုးအစားကားများအပြင် အခြားကားများလည်း ပါဝင်မည်ဖြစ်သည်။ ထိုကားများကို မြောက်အမေရိကနှင့် ဥရောပဈေးကွက်များ၌ ခရိုက်စလာဟူသော အမည်ကိုအသုံးပြု၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုးဖောက်

အဆိုပါ အစီအစဉ်အရ ထုတ်လုပ်သော ဆပ်ကွန်ပက်ကားများသည် အမေရိကန်ဈေးကွက်၌ စတင်၍ ရောင်းချရသော တရုတ်နိုင်ငံလုပ် ကနဦးကားများ ဖြစ်လာဖွယ်ရာရှိသည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် ယခုအစီအစဉ်သည် တရုတ်ကားများ မြောက်အမေရိက ဈေးကွက်သို့ ထိုးဖောက်နိုင်မည့် ရှေ့ပြေးအစီအစဉ်လည်း ဖြစ်လာနိုင်စရာရှိကြောင်း သိရသည်။

ဖော်ပြပါ သဘောတူညီချက်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ရရှိခဲ့ပြီး အစစအဆင်ပြေလျှင် ၂၀၀၉ ခုနှစ်တွင် တရုတ်လုပ်ကားများကို အမေရိကန်ဈေးကွက်၌ တွေ့မြင်ရစရာရှိကြောင်း ခရိုက်စလာကုမ္ပဏီ ကိုယ်စားလှယ် တွန်လာဆာဒါက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ချီလီနိုင်ငံ စန်ဒီယာဂိုမြို့ရှိ ရူမူးအားကစားရုံအတွင်း ဝေလငါးနှင့် လူသားစွမ်းရည်ပြသရန် ပြင်ဆင်နေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှားနှင့်တရုတ်နယ်စပ်ကုန်သွယ်ရေး ဒေါ်လာခုနစ်ဘီလီယံအထိရှိ

မော်စကို မတ် ၃

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးအပြန်အလှန်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပမာဏသည် ပြီးခဲ့သော နှစ်များအတွင်း လျင်မြန်စွာ တိုးတက် လျက်ရှိသည်ဟု တရုတ်ဒုတိယ ကုန်သွယ်ရေးဝန်ကြီး ယူဂေါင်ဇူက မတ် ၁ရက်တွင် မော်စကို၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြား သည်။

နှစ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးသည် အမေရိကန်ဒေါ်လာ သန်း ၇၀၀၀ အထိ ရောက်ရှိလာရာ ယင်းပမာဏသည် နှစ်နိုင်ငံ၏ စုစုပေါင်းကုန်သွယ်ရေး အတိုင်းအဆ၏ ၂၀ ရာခိုင်နှုန်း အချိုးအစားအထိပင် ရှိလာကြောင်း ဒုတိယဝန်ကြီး ပူကပြောကြားသည်။

ရုရှား-တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်ကာလအတွင်း နှစ်စဉ် ပျမ်းမျှ ၃၀ရာခိုင်နှုန်းအထိ တိုးပွားလာသည်။ ၂၀၀၆ခုနှစ်၌ နှစ်နိုင်ငံကုန်သွယ်ရေး တိုးတက်နှုန်းသည် ၁၅ ရာခိုင်နှုန်းအထိ ရှိသည်။ ယခုအခါ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်အဌမကုန်သွယ်မှု အများဆုံးပြုလုပ်သော နိုင်ငံဖြစ်နေပြီး တရုတ်သည် ရုရှားနိုင်ငံ၏ စတုတ္ထ ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်လျက်ရှိသည်။

တရုတ်နိုင်ငံကရုရှားနိုင်ငံ၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖိုးအထိ ရင်းနှီးမြှုပ်နှံထားပြီး ရုရှားက တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်ထားသည်။ အထူးသဖြင့် စွမ်းအင်၊ သယံဇာတတူးဖော်ရေး၊ သစ်၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မြှုပ်နှံထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ လျောင်နင်ပြည်နယ် ရှန်ယန်းမြို့ရှိ သံမဏိ ဈေးကွက်တွင် ရောင်းချရန် ပြင်ဆင်ထားသော သံမဏိခွေများကို မတ် ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိသျှသူဌေးမကြီး ချစ်သူဟောင်းကိုသတ်ရန်ကြံ ထောင်ဒဏ်ရှစ်နှစ်အပြစ်ပေးခံရ

လန်ဒန် မတ် ၃

ဗြိတိန်နိုင်ငံမှ သန်းကြွယ်ချမ်းသာသူ အမျိုးသမီးတစ်ဦးအား သူမ၏ ချစ်သူဟောင်းကို သတ်ဖြတ်ရန် လူငှား၍ကြံစည်အားထုတ်မှုဖြင့် လန်ဒန်မြို့အိုးလ်ဘေလီတရားရုံးက မတ် ၂ရက်တွင် ထောင်ဒဏ်ရှစ်နှစ် အပြစ်ပေးလိုက်သည်။

သူမ၏ ချစ်သူဟောင်းသည် ငယ်ချစ်ဟောင်းနှင့် ပြန်တွေ့ပြီးနောက် သန်းကြွယ် အမျိုးသမီးကို ပစ်သွားခဲ့သည်။ စွန့်ပစ်ခံရသူ အမျိုးသမီးသည် နော့သ်ဆမ်ဘာလင်အရပ်ရှိ ကလေးအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်သော တွန်မီတစ်ပီကုမ္ပဏီ၏ အကြီးအကဲဟောင်း အသက်(၅၀)အရွယ် ကာရောဟန်တာဖြစ်သည်။

ဖမ်းဆီး

ဟန်တာသည် သူမ၏ ချစ်သူဟောင်းကိုသတ်ရန်အတွက် လက်ရှိချစ်သူ အန်တွန်လီးကို စည်းရုံးခဲ့သည်။ စည်းရုံးခံရသူ အန်တွန်လီးက ရဲကို အသိပေးအကြောင်းကြားခဲ့သဖြင့် ဟန်တာကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်နိုင်ငံ၏ တာတိုပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်လိုက်သည်ကို မတ် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တာတိုပစ် ဒုံးကျည်တစ်ခင်း ပါကစ္စတန် စမ်းသပ်ပစ်ခတ်

အစ္စလမ္မာဘတ် မတ် ၄

ပါကစ္စတန်နိုင်ငံသည် ရှစ်ရက်တာကာလအတွင်း ဒုတိယအကြိမ် ဒုံးကျည် စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း၊ ယခုတစ်ကြိမ် စမ်းသပ်သည့် ဒုံးကျည်မှာ နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သော တာတိုပစ်တိုက်ချင်းပစ် ဒုံးကျည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။ မြေပြင်မှ မြေပြင်ပစ် ဒုံးကျည်ဖြစ်သည့် "အက်ဘ်ဒါလီ" ဒုံးကျည်သည် ကီလိုမီတာ ၂၀၀ (၁၂၅မိုင်) အကွာအဝေးအထိ ရောက်ရှိအောင် ပစ်ခတ်နိုင်ကြောင်း၊ ဒုံးကျည်စမ်းသပ်မှုမှာ အောင်မြင်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ ပါကစ္စတန်နိုင်ငံသည် ကီလိုမီတာ ၂၀၀၀ (မိုင်၁၂၄၀) အကွာအဝေးအထိ ပစ်ခတ်နိုင်သော ရှဟင်း-၂ အမျိုးအစားဒုံးကျည်ကို စမ်းသပ်ခဲ့ပြီးဖြစ်သည်။ **အင်တာနက်။**

အီရန်အရေး ခြောက်နိုင်ငံ ဆွေးနွေး

ပါရီ မတ် ၃

အီရန် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အသစ် ချမှတ်နိုင်ရေးဆိုင်ရာ မူဘောင် သဘောတူညီချက်တစ်ရပ်ကို အင်အားကြီး ခြောက်နိုင်ငံ၏ ပါရီဆွေးနွေးပွဲတွင်ရရှိခဲ့ပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ဒူစတီ ဘလေဇီက သောကြာနေ့တွင် ကြေညာသည်။

ပြင်သစ်၊ ဗြိတိန်၊ တရုတ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်တို့ ပါဝင်သည့် အင်အားကြီးခြောက်နိုင်ငံတို့က ကုလသမဂ္ဂ ဆုံးဖြတ်ချက်အတွက် အခြေခံမူများကို သဘောတူထားကြသည်ဟု ဒူစတီဘလေဇီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကုလသမဂ္ဂ၏ ပဋိညာဉ် စာတမ်း အပိုဒ် ၄၁ အရ နောက်ထပ်ဆုံးဖြတ်ချက်အသစ်တင်ပြရန် သဘောတူသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မူဘောင်အရ စစ်ရေးအရ အရေးယူမှု အပါအဝင် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက် မူကြမ်းတွင် ပါဝင်သင့်သည့် အချက်အလက်များကို မိမိတို့ ဆွေးနွေးခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက် အမှတ် ၁၇၃၇ ကို ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ချမှတ်ခဲ့သည်။ အီရန်၏ နျူကလီးယားနှင့် တိုက်ချင်းပစ်ဒုံးကျည် အစီအစဉ် အဆုံးသတ်စေရေးအတွက် လိုအပ်သည့် အစီအစဉ် ချမှတ်ဆောင်ရွက်ရန်လည်းကောင်း၊ ယူရေနီယံ သန့်စင်မှုကို ရက်ပေါင်း ၆၀ အတွင်း ရပ်ဆိုင်းပေးရန်လည်းကောင်း ယင်းဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာလှည့်ခရီးသည် ၁၅ ဦး အီသီယိုးပီးယား၌ ပျောက်ဆုံးလျက်ရှိ

အဒစ္စအဘာဘာ မတ် ၃

အီသီယိုးပီယားနိုင်ငံတွင် ပြင်သစ်နိုင်ငံသား ၁၁ ဦး၊ ဗြိတိန်နိုင်ငံသူတစ်ဦးနှင့် အီတလီနိုင်ငံသူတစ်ဦး အပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၁၅ ဦးသည် ယင်းနိုင်ငံ၏ ဝေးလံခေါင်သီသည့်အရပ်တွင် ပျောက်ဆုံးနေကြောင်း၊ ၎င်းတို့ ပြန်ပေးဆွဲခံရဖွယ်ရှိကြောင်း သောကြာနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသည် အုပ်စုနှစ်စု ပျောက်ဆုံးနေသည်ဟု သတင်းရပ်ကွက်တစ်ခုက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပြင်သစ်ခရီးသည် ၁၀ ဦးနှင့် နိုင်ငံသား ပေါင်းစုံပါဝင်သည့် အခြားအုပ်စုတစ်စုသည် အီသီယိုးပီးယားနိုင်ငံ၏ အရှေ့မြောက်ဒေသရှိ အဖာဒေသတွင် ခရီးသွားနေစဉ် ကြာသပတေးနေ့က ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ယင်းဒေသတွင် ယခင်ကလည်း ပြန်ပေးဆွဲသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် နောက်ဆုံးဖြစ်ရပ်သည် အီသီယိုးပီးယားနှင့် အီရီထရီးယား စစ်ပွဲမဖြစ်မီက ဖြစ်ပွားခဲ့သည်။

ဒုတိယအုပ်စုသည် ဒါနာကီအင်ပရက်ရှင်ဒေသသို့ ခရီးထွက်ခွာသည့် အုပ်စုဖြစ်ပြီး ပြင်သစ်၊ ဗြိတိန်နှင့် အီတလီလူမျိုးများ ပါဝင်ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဂျာမနီဆောင်းဥတု နှစ် ၁၀၀အတွင်း အပူနွေးဆုံးဖြစ်

ဘာလင် မတ် ၃

ဂျာမနီနိုင်ငံသည် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း အပူနွေးဆုံး ဆောင်းဥတုနှင့် တွေ့ကြုံရကြောင်း၊ ယခုနှစ်ဆောင်းဥတု၏ အပူချိန်သည် ရာစုနှစ်၏ ပျမ်းမျှအပူချိန်ထက် လေးဒီဂရီ ပိုမိုများပြားကြောင်း ဂျာမနီမိုးလေဝသဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဂျာမနီနိုင်ငံ၏ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့၏ ပျမ်းမျှအပူချိန်သည် ၄ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်စ် (ဖာရင်ဟိုက် ၃၉ ဒသမ ၇ ဒီဂရီ)ရှိကြောင်း မိုးလေဝသဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ။**

အင်ဒိုနီးရှားတွင် မြေပြိုမှုဖြစ်ပွား လူ ၄၀ ထက်မနည်း သေဆုံး

ကူပန်း မတ် ၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဖလိုးရက်စ်ကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၄၀ ထက်မနည်းသေဆုံးကြောင်း၊ လူအများအပြားမှာ ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။ ဖလိုးရက်စ်ကျွန်းတွင် ရေလွှမ်းမိုးမှုများလည်း ဖြစ်ပွားလျက်ရှိပြီး နေအိမ်များ ရေစီးနှင့်အတူ မျောပါခဲ့ကြောင်း၊ ရေလွှမ်းမိုးသည့်နေရာဒေသအချို့သို့ ကယ်ဆယ်ရေးအဖွဲ့များ သွားရောက်ရန် အခက်အခဲများရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့ ရဲမှူး ဆန်တိုဆိုဂင်တန်းက ပြောကြားသည်။

မြေပြိုမှုများကြောင့် လူ ၈၀ ခန့်ပျောက်ဆုံးနေကြောင်း၊ စနေနေ့ မွန်းလွဲပိုင်းအထိ အလောင်း ၄၀ ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။ မြေပြိုမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးဝါးကုသပေးလျက်ရှိသည်။ **အင်တာနက်။**

အင်ဒိုနီးရှားနိုင်ငံ ဖလိုးရက်စ်ကျွန်း၌ မြေပြိုမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ ဗီဇာကင်းလွတ်ခွင့် ကမ္ဘောဒီးယားပေးဖွယ်

ဖနောင်ပင် မတ် ၃

ကမ္ဘောဒီးယားသို့ လာရောက်သည့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအား ဗီဇာကင်းလွတ်ခွင့်ပြုရေး ဗီယက်နမ်အစိုးရ၏ အဆိုပြုချက်ကို ကမ္ဘောဒီးယားအစိုးရက စဉ်းစားပေးမည်ဖြစ်ကြောင်း ကမ်ဘောဒီးယားဆိုင်းသတင်းစာက မတ် ၂ ရက်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနောင်ပင်တွင် ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသော ကမ္ဘောဒီးယား - ဗီယက်နမ် စီးပွားရေး ဖိုရမ်တွင် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းမှု အစီအစဉ်အရ စီးပွားရေးလုပ်ငန်းရှင်များအား ဗီဇာ ကင်းလွတ်ခွင့်ပေးရန် ဗီယက်နမ်နိုင်ငံက အဆိုပြုခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ တိုးတက်လာရောက်စေရန် ရည်ရွယ်သည့် အဆိုပြုချက်ဖြစ်သဖြင့် ကမ္ဘောဒီးယားအစိုးရက ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်း ဝန်ကြီး သွန်ခွန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ် သမ္မတ ငုယင်မင်ထရီယက်သည် စီးပွားရေးလုပ်ငန်းရှင် ၅၀ နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ လာရောက်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းနှင့် စက်မှုလုပ်ငန်းတို့ တိုးတက်လာမည့်အလားအလာများ ကောင်းမွန်ကြောင်း စီးပွားရေးဖိုရမ်တွင် ဗီယက်နမ် သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံက ပထမဆုံးအကြိမ် တည်ဆောက်သည့် ဂျေ-၁၀ အမျိုးအစား ဘက်စုံသုံး ဂျက်တိုက်လေယာဉ်တစ်စင်းကို မတ် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယလေတပ်မှ တိုက်လေယာဉ်ပျက်ကျ လေယာဉ်မှူးသေဆုံးဖွယ်ရှိ

နယူးဒေလီ မတ် ၃

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ကြာသပတေးနေ့ မွန်းလွဲပိုင်းက တိုက်လေယာဉ် တစ်စင်း ပျက်ကျရာ လေယာဉ်မှူး သေဆုံးဖွယ်ရှိကြောင်း အိန္ဒိယ-အာရှသတင်းဌာနက ဖော်ပြသည်။ အိန္ဒိယလေတပ်မှ မစ်-၂၁ ဂျက်တိုက်လေယာဉ်သည် မြေပြင်မှ ကောင်းကင်သို့ အတက် လေထုအတွင်း ပေါက်ကွဲခဲ့သဖြင့် လေယာဉ်အုပ်စု ခေါင်းဆောင် အက်စ်ပန်ဒေးသေဆုံးသည်ဟု အမည် မဖော်လိုသည့် ကာကွယ်ရေးသတင်းရပ်ကွက်က ပြောကြားသည်။ အဆိုပါ လေယာဉ်ပျက်ကျသည့် ဖြစ်ရပ်သည် အနောက်ဘင်္ဂလားပြည်နယ် ဒါဂျီလင်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းနေရာသည် တောထူထပ်ကာ သွားလာရန် ခက်ခဲလှသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူတွင် ကျောင်းသူများ အစာအဆိပ်သင့်

စင်ကာပူ မတ် ၄

စင်ကာပူနိုင်ငံတွင် အစာအဆိပ်သင့်မှု ဖြစ်ပွားရာ ကျောင်းသူ ၅၀ကျော် နာမကျန်းဖြစ်ကြရကြောင်း ချန်နယ်နယူးစ်အေးရှား ရုပ်မြင်သံကြားဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ဆီဒါမိန်းကလေးများကျောင်းမှ အလယ်တန်းကျောင်းသူများသည် နှစ်ပတ်လည် စခန်းသွင်း လေ့ကျင့်ရေးအစီအစဉ်အရ စခန်းချနေထိုင်ချိန်အတွင်း အစာအဆိပ်သင့်မှု ဖြစ်ပွားခြင်းဖြစ်သည်။

ငါးရက်ကြာ စခန်းသွင်း လေ့ကျင့်နေသည့် ကျောင်းသူလေးများအနက် ၃၀ခန့်သည် ကြာသပတေးနေ့တွင်လည်းကောင်း၊ ၂၁ ဦးသည် သောကြာနေ့တွင်လည်းကောင်း အစာအဆိပ်သင့်မှုကြောင့် ဝမ်းပျက်ဝမ်းလျှောဝေဒနာကို ခံစားခဲ့ကြရကြောင်း ကျောင်းအုပ်ဆရာမကြီး အိုဟောင်းဂိုချန်းက ပြောကြားသည်။

အစာအဆိပ်သင့်မှု စတင်ဖြစ်ပွားပြီးနောက် ရိက္ခာထောက်ပံ့သူတစ်ဦးထံမှ အစားအစာဝယ်ယူမှုကို ချက်ချင်းရပ်ဆိုင်းခဲ့သည်။ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ စစ်ဆေးရေးမှူးများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရန်ကုန်နယ်နိမိတ်အတွင်း CNG အရောင်းဆိုင်အသစ်များ စွမ်းအင်ဝန်ကြီးဌာနမှ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်

ရန်ကုန် မတ် ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ် ၀၁၉ (စော်ဘွားကြီးကုန်း)၊ ၀၀၂ (အင်းစိန်)နှင့် ၀၁၆(ကြည့်မြင်တိုင်)တို့သို့ သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာဝန်ကြီးသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုအခြေအနေ၊ CNG ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ CNG အထွေထွေမန်နေဂျာ ဦးသိန်းဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသသည်။

ဝန်ကြီးက မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းရာတွင် သတ်မှတ်ဖိအားကို ပြည့်မီအောင် ဂရုစိုက် ဖြည့်သွင်းပေးရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ဝန်ထမ်းများ အနေဖြင့် ပြည်သူများနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကို မှာကြားပြီး မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရန်ကုန်မြို့ နယ်နိမိတ်အတွင်းတွင် CNG အရောင်းဆိုင် ၂၀ကို ၂၄ နာရီ ပတ်လုံး ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။ ယခုအခါ စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်နယ်နိမိတ်အတွင်း နောက်ထပ် CNG အရောင်းဆိုင်ပေါင်း ၂၀ကျော်ကို ထပ်မံဖွင့်လှစ်ရောင်းချပေးသွားနိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိသကဲ့သို့ လိုအပ်သော စက်ပစ္စည်းများကိုလည်း မှာယူထားရှိပြီးဖြစ်သည်။ စက်ပစ္စည်းများရောက်ရှိမှု အခြေအနေအပေါ် မူတည်ပြီး ရန်ကုန်မြို့ပေါ်တွင် CNG ဆိုင်များ ဆက်တိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲသုံးစွဲလျက်ရှိသော CNG မော်တော်ယာဉ်များ၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် CNGအရောင်းဆိုင်သစ်များ အမြန်ဆုံး တိုးချဲ့ဖွင့်လှစ်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၁၆) (ကြည့်မြင်တိုင်)၌ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းမှုနှင့် မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(စွမ်းအင်)

ထူးခြားသည့် နေ့အပူချိန်များ

(၄-၃-၂၀၀၇)

နေပြည်တော်၊ မင်းဘူး၊ အောင်လံနှင့် ဘားအံ

၃၈ ဒီဂရီစင်တီဂရိတ်
(၁၀၀ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
(၉၆ ဒီဂရီဖာရင်ဟိုက်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ [ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈ ရွှေဘုံသာလမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်]သို့ သုဝဏ္ဏမြို့ အင်ကြင်းမြိုင်လမ်းနေ ဒေါ်မိမိထွန်း၊ သမီး ဘရဏီ မောင်မောင်တို့က ပေါင် ၁၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀) ဖြန့်ချိ

ရန်ကုန် မတ် ၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာလုပ်သားတစ်ထောင် ထိုင်းကခေါ်ယူမည်၊ ပါကစ္စတန်နိုင်ငံ ကန္တာရဒေသအတွင်းရှိ ထင်ရှားသည့် ဗုဒ္ဓသာသနာ့အမွေအနှစ်များလေ့လာနိုင်တော့မည်၊ လာအိုရှေးဟောင်းမြို့ ပတ်ဆေးသို့ ဧပြီလတွင် သွားနိုင်ပြီ၊ ပြည်ပသွားမည့် ရွှေ့ပြောင်းလုပ်သားများ အခက်အခဲရှိလျှင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ တိုက်ရိုက်တိုင်ကြားနိုင် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ကွင်းပြင်ရောက်စေသောဒဏ်ရာများနှင့် ဘောလုံးသမားများ၏ ဘဝအလှည့်အပြောင်း အားကစားဆောင်းပါးနှင့်အတူ ဆံပင်ဈေးကွက်အလှည့်အပြောင်း အနောက်တိုင်းတွင်ဖြစ်လာ၊ ဗီယက်နမ် တောင်နှင့်မြောက် ယဉ်ကျေးမှု ကွာဟနေဆဲ၊ အမေရိကန် ပိုးမသန့်ထောပတ်များ တရုတ်ဈေးကွက်မှ ပြန်လည်ရုပ်သိမ်း စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အမှတ်တမဲ့အမှားတရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသရဆရာတော်)
၈း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (လန်ဒန်မြေပဲယိုDVD
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ဆံကေသာကောင်းမှ လူတိုင်းလှပ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	မင်းကွန်းတောင်ရိုးမဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်အဖွဲ့၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာထမနဲပွဲ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ်အကြောင်း မေးမြန်းခန်း (ဒေါက်တာခင်မောင်လွင်)
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	Yangon Panorama (၈) ကြိမ်မြောက် (Nikko Charity Golf Tournament) အတွက် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၁၁း၁၀	မိုးလေဝသခန့်မှန်းချက်
၁၁း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အမျိုးသမီးတို့ ကိုယ်ဝန်ဆောင်မီးဖွားခြင်း ဆိုင်ရာ ပြဿနာများ)
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ၊ မြန်မာ့အက
၁၂း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၅	ဒေသဖွံ့ဖြိုးတိုးတက်စေမည် “ဒုဋ္ဌဝတီ”
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
၁၂း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀	မေတ္တာရိပ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၄၅)နှစ်မြောက် တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးတွင် တန့်ဆည်နွယ်ဖွား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရအား တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၄

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)၌ ကျင်းပရာ ရှေးဦးစွာ ပူဇော်ပွဲအခမ်းအနားတွင် ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး တန့်ဆည်နွယ်ဖွား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်းကို အသင်းနာယက ဦးထွန်းမြိုင်က ဖတ်ကြားသည်။

ယင်းနောက် အဆိုတော်ရီရီသန့်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ရှစ်ဆယ်ပေါ် တေးထပ်ဖြင့် သီကျူးပူဇော်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဆိုတော်ရီရီသန့်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ရတုပိုဒ်စုံဖြင့် သီကျူးပူဇော်ပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရအသင်း ဒုတိယဥက္ကဋ္ဌ ဦးချစ်မွှေးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး အမှုဆောင်အသစ်များအား ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် ပညာရည်ချွန်ဆုနှင့် ပါရဂူဘွဲ့ရရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အသက်(၇၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား ဂါရဝပြုပူဇော်ကြ၍ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်

ရန်ကုန် မတ် ၄

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ(၁၉၉၁-၁၉၉၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာ၊ ဆရာမကြီး ၃၅ ဦးအား ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဘူမိဗေဒ အငြိမ်းစားပါမောက္ခ ဒေါက်တာညီညီ၊ ဦးစီသက်ပေါ်၊ ဒေါက်တာဦးသိန်းနှင့် ဒေါက်တာဦးသင်းတို့က ဩဝါဒစကားပြောကြားသည်။

(က-ပ)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်၏ လောင်စာဆီအစားထိုး ဓာတ်ငွေ့ထုတ်လုပ်သည့်စက်ရုံ ကြည့်ရှုအားပေး

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် အပိုင်း(၆)ရှိ မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်၏ လောင်စာဆီ အစားထိုးဓာတ်ငွေ့ထုတ်လုပ်သည့်စက်ရုံရှိ စပါးခွံအခြေခံ အခြားလောင်စာများနှင့် လောင်စာတောင့် အသုံးပြုသော လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်များကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စက်ရုံအတွင်းရှိ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပို့ဆောင်မည့် 8DC 11 စပါးခွံဓာတ်ငွေ့အင်ဂျင်များ၊ R.H.7 စပါးခွံဓာတ်ငွေ့ထုတ်စက် နှစ်လုံး၊ ကိုကိုးကျွန်းမြို့နယ်သို့ ပို့ဆောင်မည့် CH-20 အုန်းလက်လောင်စာတောင့်သုံး ထင်းမီးဖိုအင်ဂျင်၊ စက်ရုံသုံး RH.3 ထင်းမီးဖိုအင်ဂျင်၊ တောင်ကုတ်မြို့သို့ ပို့ဆောင်မည့် ၅၀၀ ကေဗွီအေဒိုင်နမိုနှင့် တွဲဖက်အသုံးပြုရသော RH.70 စပါးခွံဓာတ်ငွေ့ထုတ်စက်၊ စက်ရုံသုံး ၁၂၅ ကေဗွီအေ ဒိုင်နမို ခြောက်လုံးထိုးအင်ဂျင်တို့နှင့် တွဲဖက်အသုံးပြုရသော RH.10 စပါးခွံဓာတ်ငွေ့ထုတ်စက်၊ စပါးခွံဓာတ်ငွေ့ အင်ဂျင်အဖြစ် ပြောင်းလဲပြုပြင်ထားသည့် တီအီး ၁၁ အင်ဂျင်နှင့် 8.DC.9 တစ်လုံးထိုး အင်ဂျင်တို့ကိုလည်းကောင်း၊ စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးကြရာ မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က လိုက်လံ ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စပါးခွံ ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေး စက်များကို ပိုမိုတိုးချဲ့ထုတ်လုပ်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်သည် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လျှပ်စစ်စွမ်းအား ၁၅ ကေဗွီအေမှ ၁၀၀၀ ကေဗွီအေအထိ ထွက်ရှိသည့် ဓာတ်ငွေ့ထုတ်စက်များကို ၁၉၉၅ ခုနှစ်မှ ယနေ့အထိ စက်အလုံးရေ ၅၁၉ လုံး ထုတ်လုပ်နိုင်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ ဓာတ်ငွေ့ထုတ်စက်များကို မြစ်ရေတင်လုပ်ငန်း၊ လျှပ်စစ်မီးပေးရေးလုပ်ငန်း၊ ဆန်စက်၊ ရေခဲစက်၊ သစ်ခွဲစက်၊ ဘက်ထရီ အားသွင်းစက်၊ ဆီစက်၊ အခြောက်ခံလုပ်ငန်းများနှင့် စက်တပ်ရေယာဉ်တို့၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံတည်ထောင်ခြင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ် Logo ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မတ် ၄

အာဆီယံအဖွဲ့အစည်းသည် ၂၀၀၇ ခုနှစ် ဩဂုတ် ၈ ရက် အာဆီယံတည်ထောင်ခြင်း နှစ်(၄၀) ပြည့် အထိမ်းအမှတ် အခမ်းအနားများတွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် Logo ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အမျိုးသားအဆင့်ပြိုင်ပွဲ ကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံသံရုံး အကြီးအကဲများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ အာဆီယံ တည်ထောင်ခြင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် Logo ပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးကျော်သူက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံ တည်ထောင်ခြင်း နှစ်(၄၀) ပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်းအနားများကို အာဆီယံအဖွဲ့ဝင် နိုင်ငံများ၌လည်းကောင်း၊ ဆွေးနွေးဘက် နိုင်ငံများ၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း၊ ထိုအခမ်းအနားများတွင် အသုံးပြုရန်အတွက် အမှတ်တံဆိပ် Logo တစ်ခုကို အဖွဲ့ဝင်နိုင်ငံများအတွင်း ပြိုင်ပွဲများကျင်းပကာ ဦးစွာရွေးချယ်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံတွင်း ထပ်မံယှဉ်ပြိုင် ရွေးချယ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် ဆုရရှိသူများ စာရင်းကို ဖေဖော်ဝါရီ ၂၁ ရက်ထုတ် သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံဒေသအဆင့်ဆုကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ ရရှိသွားပါကြောင်း၊ အာဆီယံ အဖွဲ့အစည်း တည်ထောင်မှုတွင် လူငယ်လူရွယ်များသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်ရာ ယခုကဲ့သို့ Logo ပြိုင်ပွဲ အမျိုးသားအဆင့်တွင် တန်ဖိုးရှိစွာ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာနိုင်ငံရှိ လူငယ်များအား အာဆီယံ၏ ရည်မှန်းချက်ဖြစ်သည့် အာဆီယံအတွင်း စုစည်းညီညွတ်သော အသိုက်အဝန်း ရောက်ရှိစေသည့် ခံစားမှုရရှိစေကြောင်း၊ ၂၀၀၇ ခုနှစ်ဩဂုတ် ၈ ရက်သည် အာဆီယံတည်ထောင်မှု နှစ်(၄၀) ပြည့်မြောက်သည့် အထိမ်းအမှတ်ဖြစ်သကဲ့သို့ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၃ ရက်သည်လည်း မြန်မာနိုင်ငံမှ အာဆီယံ ဝင်ရောက်မှု (၁၀)နှစ်ပြည့်မြောက်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီးက ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ယင်းနောက် ပထမဆုရရှိသူ မောင်သုတဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ဧည့်ပရိသတ်များက မြန်မာနိုင်ငံ အမျိုးသားအဆင့် ဆုရရှိသူများနှင့် ဒေသအဆင့် ဆုရရှိသူ၏ Logo ဒီဇိုင်းပုံများကို လှည့်လည်ကြည့်ရှုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြား အကွက် အမှတ်(၁၈၅) သံဝင်းနေ ဦးကြည်မောင်၏ နေအိမ်၌ ယနေ့နံနက် ၇ နာရီကျော်ခန့်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ဆုံးရှုံး

မီးလောင်ရာသို့ မီးသတ်ကား ၃၇ စီးဖြင့် မီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၇ နာရီခွဲကျော်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မဟာစည်တွင် ဂုဏဝိသိဋ္ဌသဘင် ကျင်းပ

ရန်ကုန် မတ် ၄

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် ဟိတေသီအဖွဲ့နှင့် အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့တို့မှ ဂုဏဝိသိဋ္ဌပူဇော်ပွဲသဘင်ကို မတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများလှူဒါန်းပူဇော်ကြသည်။

(အပေါ်ပုံ)

ထို့နောက် ဘွဲ့ခံဆရာတော် သံဃာတော်များနှင့် ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တကဝိဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိက)က ပရိသတ်များအား ပရိတ်တရားချီးမြှင့်၍ ရေစက်ချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်းနေ ဦးဘဝမ်း-ဒေါ်တင်ညွန့်နှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို အနုနာယက ဆရာတော် ဘန္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ သမိုင်း (၂)ရပ်ကွက် ဦးအောင်ဇေယျလမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီး ဦးစိန်လှအောင်-မိခင်ကြီး ဒေါ်သောင်း သုံးနှစ်ပြည့်အား ရည်စူး၍ ဦးစိန်ဝင်း-ဒေါ်ခင်နှင်းဆီတို့က အလှူငွေကျပ် ၃၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဝိမလ (ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မီးကြွင်း၊ မီးကျန်မရှိရန် ကျင့်ကြံသတိအမြဲရှိ
မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်
မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်တီးဝိုင်းပြိုင်ပွဲ နောက်ဆုံးနေ့ ကျင်းပ

နေပြည်တော် မတ် ၄

၂၀၀၇ ခုနှစ်(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ နောက်ဆုံးနေ့ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃) တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် အရှေ့မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က မြန်မာအာဇာနည်၊ စံပြဒို့တပ်မတော်၊ ပြည်သူ့သားကောင်း၊ ပြည်သူ့သား စစ်သည်၊ ရဲသွေးရဲမာန် စစ်ချီတေးများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မြန်မာ့အလယ်မှ သားကောင်း စစ်သည်တော်၊ ဒို့တပ်မတော်၊ တူယှဉ်ကာ တိုက်စို့၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ဖွဲ့(၁)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ ဒို့ရဲ့ ဗမာ့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၂)က အောင်လံဝေဝေ (ကြည်း၊ ရေ၊ လေ)၊ ရဲသွေးရဲမာန်၊ တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့် လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေဂါလန်တစ်သန်းဆံ့ကန်နှင့်ရေတွန်းစက်များထားရှိရန် အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(၁၉)

ဂါလန်တစ်သန်းဆံ့ ရေလှောင်ကန်တည်ဆောက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်တွင် ကော်မတီဝင်ဦးကျော်စိုးလိုက်ပါလျက် မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိအင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ကမ္ဘာအေးရေကူးရေတွန်းစက်ရုံသို့ရောက်ရှိလာပြီး ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များသို့ ရေကူးရေတွန်းစက်ရုံမှ တစ်နေ့ရေဂါလန်သန်း ၃၀ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရေကူးရေတွန်းစက်ရုံနှင့် ရေဂါလန် ခုနစ်သိန်းဆံ့ ရေလှောင်ကန်အနီး၌ ရေဂါလန် တစ်သန်းဆံ့ရေလှောင်ကန် တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးရာဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ ကန်တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာဌာနခွဲမှူး ဦးလှထွန်းတို့က ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား မြေပုံဇယားများဖြင့်လည်းကောင်း၊ တည်ဆောက်မှုလုပ်ငန်းခွင်၌လက်တွေ့တည်ဆောက်နေမှုများကို လိုက်လံရှင်းလင်းပြသကြသည်။ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ယခုလုပ်ငန်းများအားလုံးကို စံချိန်စံညွှန်း အရည်အသွေးပြည့်မီပြီး လာမည့် မေလနောက်ဆုံးပတ်တွင် ပြီးစီးရန် မှာကြားသည်။

ရေကူးရေတွန်းစက်ရုံမှမရမ်းကုန်း၊ ရန်ကင်း၊တောင်ဥက္ကလာ၊ ဗဟန်း၊ ကမာရွတ်၊လှည်းတန်း၊ကြည့်မြင်တိုင်၊ စမ်းချောင်း၊အလုံ၊လမ်းမတော်၊လသာ၊ ပန်းဘဲတန်းမြို့နယ်များသို့ နေ့စဉ် ရေဂါလန် သန်း ၃၀ဖြန့်ဝေ နေရာ အထက်ပါ ရေလှောင်ကန်ကြီးပြီးစီးပါက ထပ်မံ၍ရေဂါလန်သန်း ၄၀ ဖြန့်ဝေ ပေးသွားနိုင်မည်ဖြစ်သည်။ (၁၉)

အင်တာနက် အဏ္ဏဝါဇီဝဗေဒသတင်း

အင်ဒိုနီးရှားကမ်းလွန်ပင်လယ်ပြင်တွင် ငါးမန်းနှင့် ငါးလိပ်ကျောက် မျိုးသစ်များတွေ့ရှိ

ဂျကာတာ မတ် ၄

အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ ငါးမန်းနှင့် ငါးလိပ်ကျောက် ငါးမျိုးသစ် ၂၀ ထက်မနည်းကို ရှာဖွေတွေ့ရှိရကြောင်း သိပ္ပံပညာရှင်များက မတ်၄ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဩစတြေးလျနိုင်ငံရှိ ဓနသဟာယ သိပ္ပံနှင့် စက်မှုသုတေသနအဖွဲ့မှ သိပ္ပံပညာရှင်များသည် အင်ဒိုနီးရှား သိပ္ပံပညာရှင်များနှင့်အတူ ငါးနှစ်ကြာ သုတေသနပြုလုပ်ခဲ့ပြီးနောက် အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်း ဖြစ်သည်။

အင်ဒိုနီးရှား ကမ်းလွန်ပင်လယ်ပြင်သည် ရေသတ္တဝါများနှင့် ပတ်သက်နေသည့် ဇီဝမျိုးစုံလင်သည့်နေရာပင်ဖြစ်ကြောင်း ဇီဝဗေဒပညာရှင် ဝီလီယံဝှိုက်ကပြောကြားသည်။

အင်ဒိုနီးရှား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ရွှံ့နွံထူသောကမ်းဦး ရေတိမ်ပိုင်းတွင် ငါးလက်ထုံနှင့် ဘဲလိပ်စသည့် ငါးလိပ်ကျောက်ငါး ၁၇မျိုးအထိရှာဖွေတွေ့ရှိရကြောင်း၊ Whipray အမျိုးအစား ငါးလိပ်ကျောက်တစ်မျိုးမှာ ကိုယ်ခန္ဓာ ဂေါ်ပြားပုံသဏ္ဍာန်ရှိပြီး လိပ်ကျောက်မြီး ပါရှိကြောင်း ဝီလီယံဝှိုက်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ သန္တာကျောက်တန်းများတည်ရှိရာနေရာများတွင် အသွေးအရောင်လှပပြီး တွေ့ရိုးတွေ့စဉ်မဟုတ်သည့်ငါးမျိုးသစ်၅၀ကျော်ကိုရှာဖွေတွေ့ရှိခဲ့ရပြီးနောက် ငါးမန်းနှင့် ငါးလိပ်ကျောက်မျိုးများကို ထပ်မံရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

အင်တာနက်



ဂေါ်ပြားပုံသဏ္ဍာန်ရှိပြီး လိပ်ကျောက်မြီးပါ ရှိ သည့် Whipray ငါးလိပ်ကျောက်ငါး။

(ဓာတ်ပုံ - အင်တာနက်)

ယနေ့မိုးလေဝသ

(၅-၃-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ ဦးကျော်ကျော်-ဒေါ်ခင်လေးနွယ်၊ သား မောင်စည်သူထွန်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ မနောရမ္မသာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးထံ မဟာတေဇမုနိစေတီတော်အတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✻ ဓာတ်ပေါင်းစုစေတီတော်မှ

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များယူဆောင်၍ မနောရမ္မ သာသနာ့ဗိမာန်တော်ကြီးအား ပက်ဖျန်းကြဲဖြန့် ချည်နှောင်ပေးကြသည်။

ယင်းနောက် မဟာတေဇမုနိစေတီတော်အား ရည်မှန်းလှူဒါန်းသောအားဖြင့် မနောရမ္မ သာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံကျော် အဆိုတော် ဒေါ်ခင်စိုးဝင်းက မဟာတေဇမုနိစေတီတော် ဇေကပိုဒ်ရတုကို သီကျူးပူဇော်ပြီး နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက မဟာတေဇမုနိစေတီတော် စေတီယပူဇာဝန္ဒနာ တေးထပ်ဖြင့် သီကျူးပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သာယာကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သာဓု သုံးကြိမ်ခေါ်ဆိုလျက် မင်္ဂလာငွေခရနှင့် အောင်စည် အောင်မောင်းတို့ကို ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

ထို့နောက် အခမ်းအနားမှူးက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူမည့် အစီအစဉ်များကို ဆရာတော် သံဃာတော်များအား ကြိုတင်လျှောက်ထားသည်။

အလှူငွေများပေးအပ်

ယင်းနောက် မဟာတေဇမုနိ စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင်များဖြစ်ကြသည့် Myanmar Land & Development Ltd.နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ဆောက်လုပ်ရေးကုမ္ပဏီများ (နေပြည်တော်)က ငွေကျပ် ၈၁သိန်း၊ အရှေ့ရှမ်းရိုးမကုမ္ပဏီမှ ဦးဘိုနီက ငွေကျပ်သိန်း ၆၀၊ ညိုညိုစတိုးမှ ဦးသိန်းလွင်နှင့် ဒေါ်ညိုညို မိသားစုက ငွေ ၅၆၀၀၀၀၈ ကျပ်၊ နီလာရိုးမကုမ္ပဏီမှ ငွေကျပ် ၅၃သိန်း၊ Rothmans of Pall Mall Myanmar Private Ltd. နှင့် Myanmar Brewery Ltd.တို့က ငွေကျပ်သိန်း ၅၀စီ၊ စစ်တက္ကသိုလ် အပတ်စဉ် (၉)က ငွေကျပ် ၄၅သိန်း၊ Vietory Co., Ltd. နှင့် Ayeyarwaddy Group Co., Ltd. တို့က ငွေကျပ် သိန်း ၄၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နှင်းဝဏ်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ ဗိုလ်မှူးကြီး မြင့်အောင်(ငြိမ်း)နှင့် ဇနီး မိသားစုတို့က ဓမ္မာရုံရှိ ဆင်းတုတော်အတွက် တန်ဖိုးငွေကျပ်သိန်း ၃၀၊ ဦးတင်ထွန်း (စိတြကုမ္ပဏီ)က ငွေကျပ် ၂၈သိန်း၊ ဦးတေဇ (ထူးထရေးဒင်း)က ငွေကျပ် ၂၆၄၇၀၇၀၊ Silver Moon Co., Ltd. က ငွေကျပ် ၂၅သိန်း၊ ဦးအောင်ဖြိုးမင်း Green Flower Co., Ltd. က ငွေကျပ်သိန်း ၂၀၊ ဒေါ်စိန်စိန်ရီ (အေးမြချမ်းသာကုမ္ပဏီ)က ငွေကျပ်သိန်း ၂၀၊ ဦးခွန်မြင့်အောင် (စိန်ရွှေပွင့်ကုမ္ပဏီ)က ငွေကျပ် ၁၆သိန်း အပါအဝင် အလှူရှင် အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် မဟာတေဇမုနိစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း) တို့က လက်ခံကြသည်။

မဟာတေဇမုနိ စေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူရှင် ၉၂ဦးတို့၏ ယနေ့လှူဒါန်းမှု အစုစုမှာ စုစုပေါင်းငွေ ၂၀၂၄၅၂၃၉၈ ကျပ်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မနောရမ္မ သာသနာ့ဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မဟာတေဇမုနိစေတီတော်၏ ရွှေထီးတော် အလှူရှင် ဦးကျော်ညွန့်တို့က မနောရမ္မ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း၊ မြသပိတ်တော်၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံ တံခွန်၊ ကုက္ကား အစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက မနောရမ္မ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များသည် မနောရမ္မသာသနာ့ဗိမာန်တော်အနီးရှိ ဓာတ်ပေါင်းစု စေတီတော်ရင်ပြင်သို့ ကြွရောက်တော်မူကြပြီး ဓာတ်ပေါင်းစု စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူးက အမျှပေးဝေပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီကျူးပူဇော်

ဆက်လက်၍ မဟာမင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များက ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပြီး မင်္ဂလာစည်တော်အဖွဲ့က အောင်စေ ပိုင်စေ သီချင်းဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား မနောရမ္မ သာသနာ့ဗိမာန်တော်အတွင်း နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

● နီပေါမှ

တစ်မိုင်ပြီး တစ်မိုင် သွားလာနိုင်သည့် စွမ်းရည်ရှိကြသည်။ အထမ်းသမားများ၏ ထူးခြားစွမ်းရည်နှင့် စပ်လျဉ်း၍ သိပ္ပံပညာရှင်များက လေ့လာခဲ့သည်။ သုတေသနလေ့လာမှုကို ဘယ်လ်ဂျီယံနိုင်ငံ လူဗိန်းတက္ကသိုလ်မှ ဇီဝကမ္မဗေဒ ပညာရှင် နော်မန်ဟီဂလွန်က ဦးဆောင်ခဲ့သည်။

အထမ်းသမားများသည် ခတ္တမန္ဒူ တောင်ကြားဒေသတွင် ပေ ၁၁၅၀၀ အမြင့်ရှိ နမ်ချီတောင်ထွတ်ပေါ်သို့ လေးလံသောအထုပ်အပိုးများကို သယ်ဆောင်လျက် ရက်သတ္တတစ်ပတ်အတွင်းရောက်အောင် တက်ရောက်နိုင်ကြောင်း၊ ၎င်းတို့သည် အရုဏ်တက်ချိန်မှသည် နေဝင်ချိန်အထိ တစ်နေ့တာ ကာလပတ်လုံး ဝန်စည်စလယ်များကို ထမ်းရွက်ကာ မနားမနေသွားလာနိုင်ကြောင်း ဟီဂလွန်က ပြောကြားသည်။

ဟီဂလွန်သည် လွန်ခဲ့သည့်နှစ် ၂၀က ကင်ညာနိုင်ငံမှ အာဖရိကတိုက်သား အမျိုးသမီးများ၏ ဝန်ထုပ်သယ်ဆောင်နိုင်မှုစွမ်းရည်နှင့်စပ်လျဉ်း၍ လေ့လာခဲ့သည်။ အဆိုပါ အမျိုးသမီးများသည် ၎င်းတို့၏ ဦးခေါင်းပေါ်တွင် ဝန်ထုပ်များကို ဟန်ချက်ညီအောင် ထိန်းပြီးသယ်ဆောင်နိုင်သည့် ထူးခြားသောကျွမ်းကျင်မှုရှိသူများဖြစ်သည်။

နီပေါအထမ်းသမားတစ်ဦးသည် ၎င်း၏ခန္ဓာကိုယ်အလေးချိန် နီးပါးရှိသည့် ဝန်ထုပ်ကို သယ်ဆောင်နိုင်စွမ်းရှိသည်။ နီပေါအထမ်းသမားများမှာ ဝန်ထုပ်သယ်ဆောင်ရာတွင် ပိုမိုကျွမ်းကျင်မှုရှိကြောင်း ဟီဂလွန်၏ နောက်ဆုံးလေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာအင်ဖိုတက်ချ်လုပ်ငန်းများ ကြည့်ရှု အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းနှင့် အမြန်ချောပို့လုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂ ရက် နံနက်ပိုင်းတွင် မြန်မာအင်ဖိုတက်ချ်သို့ရောက်ရှိပြီး Knowledge Basic Website **ဖြစ်သော** E-Library **စနစ်ဆောင်ရွက်ထားရှိမှုနှင့်** Information Basic Website **ဖြစ်သော ခေတ်လူငယ် ဝက်ဘ်ဆိုက်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။**

ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး လုပ်ငန်းများအား အရည်အသွေးပြည့်မီ၍ ပြည်သူလူထုနှင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များ အလွယ်တကူ အသုံးပြုနိုင်ရန်နှင့် သတ်မှတ်ချိန်တွင် ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လျင်မြန်မှုနှင့် လုံခြုံမှုရှိရေးကို ဦးစားပေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ တိုးချဲ့ဆောင်ရွက်ရေး စီမံချက်အား စစ်ဆေးရာ အင်ဂျင်နီယာချုပ်က ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရန်နှင့် ရန်ကုန်တယ်လီဖုန်းစနစ်များ တိုးတက်ကောင်းမွန်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မတ် ၃ရက် ညနေပိုင်းတွင် ဝန်ကြီးသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ဆောင်သို့ ရောက်ရှိပြီး လေဆိပ်တိုးချဲ့ဆောင်၌ ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားရှိမှုများကိုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ဆောင်အတွက် လိုအပ်သော ဆက်သွယ်ရေးစနစ်များအားလုံး နိုင်ငံတကာ အဆင့်အတန်းမီစွာ တပ်ဆင်ပေးရန်အတွက် အသေးစိတ် ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်များစစ်ဆေး သင်ထောက်ကူပစ္စည်းပြည့်စုံစွာဖြင့် သင်ကြားရေးမှာကြား

ရန်ကုန် မတ် ၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိရာ ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆိုင်ရာကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခ၊ ဌာနမှူးများက ဘာသာရပ်ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဘာသာရပ်ဌာန အချင်းချင်း၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်း၍ သုတေသနလုပ်ငန်းဆောင်ရွက်ရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရေးမှာကြားပြီး အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဓာတုဗေဒနှင့် ရုက္ခဗေဒ လက်တွေ့ခန်းများ၌ လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ စာသင်ခန်းတွင် လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်ရုံးခန်း၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ သင်ကြား၊စီမံ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ဌာနမှူးများနှင့် တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စိန်ရတုခန်းမ၌ ခင်းကျင်းပြသထားသည့် သိပ္ပံပစ္စည်းအလုပ်ရုံမှ ထုတ်လုပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိကာ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မာရေး၊ e-Education Learning Centreများ ထိထိရောက်ရောက် အသုံးပြုရေးနှင့် သိပ္ပံလက်တွေ့ သင်တန်းများတွင် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြင့် သင်ကြားပေးရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၄ခုနှစ်)
- ၄:၄၀ ၄။ အလှရှာမယ် လှကမ္ဘာဝယ်
- ၅:၀၀ **၅။ ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၈:၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံတကာသတင်းများ
- ၈။ မိုးလေဝသအခြေအနေ
- **၉။ ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှုအစီအစဉ်**
- ၁၀။ နောက်တစ်နေ့အစီအစဉ်
- ၁၁။ အစီအစဉ်ပြီး၏။

လှပဝေဆာ ပန်းဈေးကမ္ဘာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ- မိမိအောင်၊ စန်းစန်းအေး (ကြေးမုံ)

မတ် ၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရှိ ပန်းတန်းသို့ ကြေးမုံသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ ဈေးတို့၏ သဘာဝ၊ ပန်းတို့၏အလှနှင့် ဈေးကွက်အခြေအနေကို လေ့လာစေ့ငုကာ လူမှုရေး၊ ဘာသာရေး အခမ်းအနားများနှင့် နေ့စဉ်သုံး ပန်းမန်တို့ထဲမှ အချို့ကို ရွေးချယ် စုစည်းဖော်ပြလိုက်ပါသည်။

သီရိမင်္ဂလာဈေးကြီး၏ ပထမထပ်တွင် ပန်းဈေးကွက် တည်ရှိပါသည်။ ဆိုင်ခန်းပေါင်း ၁၀၈ ခန်းဖြင့် ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ ရောင်းချသောပန်းဈေးကြီးတစ်ဈေးဖြစ်သည်။ ရွှေတောင်မြို့နယ်နှင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်တို့မှ ပန်းများ အဓိက တင်ပို့ရောင်းချသောဈေးကြီးဖြစ်သည်။

ယခုလသည် အရွက်ပန်းရာသီဖြစ်၍ ဇော်စိမ်း၊ ဇော်ကျား၊ ဇော်လုံး၊ ရွက်လှနှင့် သပြေပန်းများ အရောင်းသွက်သလို ကုန်စည်စီးဆင်းမှုမှာလည်း များပြားလှသည်။ ဆယ့်နှစ်ရာသီ ပန်းဖြစ်ပြီး ကြာရှည်ခံပန်းများလည်း ဖြစ်သဖြင့် အရောင်းသွက်လှသည်။ ယင်းပန်းများသည် သဃ်န်းကျွန်း၊ လှည်းကူး၊ မျောက်ချောကုန်းတို့မှ ထွက်ရှိသည်။ မိုးရာသီတွင် သပြေပန်းမှာ ရှားပါးသည်။ မိုးတွင်းတွင် အရွက်ပန်းများကို ဖျာပုံ၊ ဒေးဒရဲ၊ ညောင်တုန်း၊ ဟင်္သာတ၊ မော်လမြိုင်၊ ဘားအံမြို့များအထိ ပို့ဆောင်ဖြန့်ဖြူးရသည်။

ပန်းအစစ်နှင့် စက္ကူပန်း ပေါင်းစပ်စည်းနှောင်ကာ အသွင်တစ်မျိုးဖြင့် တွေ့ရစဉ်။

ရောင်စုံနှင်းဆီပန်းများနှင့် ကီလိုဂန္ဓမာတို့ လန်းလန်းဆန်းဆန်း ဝေဝေဆာဆာ ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချရန်အသင့်ဖြစ်နေသည်မှာ . . .

လူသုံးအများဆုံးနှင့် ဈေးနှုန်းအသင့်ဆုံးပန်းမှာ ကီလိုဂန္ဓမာဖြစ်သည်။ ချက်စိမ်း၊ ချက်ဖြူ၊ ချက်ဝါ၊ ငွေနှင်းဖြူ၊ လပ်ကီး၊ စနိုးဘောအဖြူ၊ ကြွေဖြူနှင့် အက်စတာတို့ဖြစ်သည်။ အက်စတာကိုအမျိုးအစားလေးမျိုးခွဲသေးသည်။ ဖော်ကာ၊ အဖြူ၊ အနီ၊ အပြာတို့ ဖြစ်သည်။ လူကြိုက်အများဆုံးနှင့် ဈေးအမြင့်ဆုံး ကီလိုဂန္ဓမာမှာ လပ်ကီးဂန္ဓမာနှင့်ကြွေဖြူတို့ဖြစ်သည်။

ကီလိုဂန္ဓမာပန်း တစ်မျိုးတည်းကို ရာသီချိန်၌ တစ်နေ့လျှင် ကားခုနစ်စီး ရှစ်စီးခန့်ဝင်ရောက်သည်။ ရွှေတောင်မြို့မှ အဝင်များဆုံးဖြစ်ပြီး မှော်ဘီ၊ မြောင်းတကာ၊ ကျိုက်လတ်၊ ဘိုကလေးဘက်ကလည်း ထွက်ရှိသေးသည်။ ခရမ်းမြို့နယ်ဘက်မှလည်း ရွှေဖြူဂန္ဓမာနှင့် ဂန္ဓမာအဝါသီးသန့်ထွက်ရှိကြောင်းလည်းသိရှိခဲ့ရသည်။ နောက်တစ်ဖန် လူကြိုက်အများဆုံးမှာ ကီလိုသစ်ခွများ ဖြစ်သည်။ အမျိုးပေါင်း ခုနစ်မျိုး၊ ရှစ်မျိုးရှိပြီး ယိုးဒယား ချက်စိမ်း၊ ချက်ပြဲ၊ ချက်ဝါတို့ဖြစ်သည်။ မန္တလေးဘက်က အဝင်များသည်။ တန်ဆောင်မုန်းလကုန်ချိန်လောက်ဆိုလျှင် စံချိန်မီ သစ်ခွဂန္ဓမာပန်းများသည် ဇလွန်ဘက်မှ ထွက်ရှိသည်။ အရောင်မျိုးစုံလင်လှသည်။

မမြို့ပန်းသည်လည်း ဈေးနှုန်းသင့်တင့်ပြီး လူသုံးများသော ပန်းတစ်မျိုးဖြစ်သည်။ ရွှေတောင်မြို့နယ်မှ အများဆုံးထွက်ရှိသည်။ မြိတ်၊ ထားဝယ်အထိ ပို့ဆောင်ဖြန့်ဖြူးရသည်။ အရောင်းသွက်ကာ ကုန်အမြန်သောပန်းဖြစ်သည်။ ကြွေဖြူမမြို့ပန်း လုံးလုံးလေးများမှာ ပို၍အရောင်းသွက်သည်။ ယခင်က မမြို့ချက်ပြဲများသာအစိုက်များသော်လည်း ယခုကြွေဖြူမမြို့ပန်းမျိုးကို စမ်းသပ်စိုက်ပျိုးရာ မြေနှင့် ရာသီဥတု မျှတမှုကြောင့် အောင်မြင်ဖြစ်ထွန်းသည်။ ဈေးကွက်တွင်လည်း တွင်ကျယ်လာသည်။

နှင်းဆီပန်းကို မှော်ဘီ၊ မျောက်ချောကုန်း၊ မြောင်းတကာ၊ ကုလားကုန်းတို့မှာ အစိုက်များသည်။ အထွက်များသည်။ အနီ၊ အဝါ၊ အဖြူ၊ အရောင်စုံ (သုံးရောင်)၊ မျိုးစပ်ပန်းရောင်နှင့် ရေမွှေးနှင်းဆီတို့ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှလည်း ကုန်းလမ်းဖြင့် နှင်းဆီပန်းအပါအဝင် အခြားအဖိုးတန် ပန်းပေါင်းများစွာ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ကြယ်တာရာပန်းကလေးများကိုလည်း မှော်ဘီတစ်ဝိုက်တွင် အများဆုံးစိုက်ပျိုးသည်။

သစ္စာပန်းကို ရွှေတောင်၊ ယင်းမူကုန်းရွာကြီး၌ အစိုက်များသည်။ နတ်တော်လမှ တပေါင်းလအထိ ထွက်ရှိသည်။ မိုးရာသီ၌သစ္စာပန်းလှိုင်လှိုင် ပေါများသော်လည်း ယခု နွေရာသီတွင် သစ္စာပန်းရှားပါးပြီး ဈေးနှုန်းမှာလည်း အတန်ငယ်မြင့်နေသည်။

အရွက်ပန်းရာသီဖြစ်၍ ရွက်လှ၊ ဇော်မွှား၊ ဇော်ကျားတို့ တစ်ပုံတစ်ပင် မြင်တွေ့ရစဉ်။

ချိတ်ပန်းများဖြစ်သော ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်းတို့သည်လည်း အရောင်းတွင်ကျယ်သော ပန်းများဖြစ်သည်။ ရွှေပန်းနှင့်ငွေပန်းများမှာ မိုးရာသီတွင် လှိုင်လှိုင်ထွက်ရှိသော်လည်း စံပယ်ပန်းမှာအထွက်နည်းသည်။ ထိုချိတ်ပန်းနှစ်မျိုးမှာ ဆန့်ကျင်ဘက်ဖြစ်သည်။ မှော်ဘီကိုးလုံးကွင်းနှင့် သဃ်န်းကျွန်းတို့တွင် အစိုက်များပြီး အထွက်များသည်။

ယခုအခါဇော်လုံး၊ ဇော်ကျားများ၏အရွက်လက်တံလေးများကြားတွင် စက္ကူပန်းလေးများညှပ်၍ အလှပန်းအဖြစ် တစ်မျိုးတီထွင်ဆန်းသစ်၍ ရောင်းချနေသည်ကို တွေ့ခဲ့ရသည်။ ကြာရှည်ခံ၍လူကြိုက်များသော ဈေးကွက်ဝင်ပန်းတစ်မျိုးအဖြစ်လည်း သိရှိခဲ့ရသည်။ အပွင့်ပန်းများကို ရန်ကုန် သီရိမင်္ဂလာဈေးမှတစ်ဆင့် ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ဟင်္သာတ၊ မော်လမြိုင်နှင့် ဘားအံမြို့များသို့ ရေလမ်းခရီး၊ ကုန်းလမ်းခရီးများမှတစ်ဆင့် ဖြန့်ဖြူးပေးသည်။ ဝါဆို၊ ဝါခေါင်လများ၌ မန္တလေးမှထွက်ရှိသော ပန်းများကို ရွှေတောင်သို့လည်း ပို့ပေးရသည်။ ပန်းကုန်သည်များသည် ယခုလတွင် အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး တန်ခူးလဆန်းမှစ၍ အလှူအတန်းပေါများခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းတို့ကြောင့် ပန်းဈေးကွက်မှာ မြင့်တက်လာပြီး ရောင်းအားလည်း မြင့်မားလာကြောင်း သိရှိခဲ့ရပါသည်။

လမ်းပန်းဆက်သွယ်မှုလွယ်ကူခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ တိုးတက်ထွန်းကားလာခြင်း၊ ရေ၊ မြေ၊ ရာသီဥတု ညီညွတ်မျှတခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသည် ဈေးနှုန်းသင့်တင့်စွာဖြင့် လှပသောပန်းမျိုးစုံကို အချိန်မရွေး ဝယ်ယူသုံးစွဲနိုင်ပြီး စိုက်ပျိုးသူ၊ ရောင်းချသူနှင့် ဝယ်ယူအသုံးပြုသူတို့ အကျိုးတူညီမျှစွာ ခံစားနေကြရပြီဖြစ်ပါသည်။ ။

မတ် ၁ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၁၇) မူလတန်းလွန်ကျောင်းတွင် (၂၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကျောင်းသား၊ ကျောင်းသူများအား အာဟာရတိုက်ကျွေးလှူဒါန်းစဉ်။
(က-ပ)

ရန်ကင်းမြို့နယ် ပြည်သာယာရိပ်သာ ဆေးရုံလမ်းနေ ဒေါက်တာအောင်နိုင်-ဒေါက်တာဖြူဖြူဝင်း (မင်္ဂလာမိသားစု)က ဗဟန်းမြို့နယ်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)တို့ လက်ခံယူကြစဉ်။ (က-ပ)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသူ မဟေမာန်သင်းအား ကျောင်းအုပ်ဆရာကြီး ဦးညွန့်လွင် ဆုချီးမြှင့်စဉ်။
(ပညာရေး)

ကြည့်ရှု လေ့လာ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဆွေးဝင်းနှင့် တာဝန်ရှိသူများ Gold Lion Wire Co., Ltd. စက်ရုံသစ်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှဆွေးဝင်း ဝါယာစက်ရုံသစ်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဆွေးဝင်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဖန်ချက်ဝန်ဦးရွှေအိုးလမ်းရှိ Gold Lion Wire Co., Ltd. စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ပြီး ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်ရုံအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များနှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ စက်ရုံရှေ့၌ ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ စက်ရုံအုပ်ချုပ်မှု ဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌ ဦးခိုင်(ခေါ်) ဦးချိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာဦးဇော်မျိုးလင်းတို့က စက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဆွေးဝင်းက ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စက်ရုံခန်းမ၌ ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးဇော်မျိုးလင်းက ကုမ္ပဏီ ဖြစ်ပေါ်လာပုံ အကျဉ်းနှင့် ကျေးဇူးတင်စကား ပြောကြားပြီး စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် စက်ရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၇)သို့ တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများအား အမှာစကားပြောကြားစဉ်။ (ဟိုတယ်/ခရီး)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တည်ဆောက်ဆဲ ဟိုတယ်စီမံကိန်း စစ်ဆေး ခရီးသွားလုပ်ငန်းသင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် L.P Holding Co., Ltd. က ဆောက်လုပ်လျက်ရှိသော ရန်ကုန်မြို့ Hotel Sofitel တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၄၀/၄၂) ဗိုလ်ဆွန်ပက်လမ်းရှိ ယမကာလုပ်ငန်းဌာန အောက်မြန်မာပြည် လုပ်ငန်းဌာနခွဲနှင့် ရန်ကုန်လုပ်ငန်းခွဲရုံးများသို့ သွားရောက်၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း သင်တန်းခန်းမ၌ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၇)သို့ တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံကာ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသင်တန်းမှာ ရက်သတ္တခုနစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၈ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၄

၁။ ရန်ကုန်တိုင်းရှိ မြို့နယ်များအတွင်း ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ–

(က) ငှက်ဖြတ်သန်းသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၄-၃-၀၇	အင်းစိန်	ကျီး-၄၊ ငုံး-၁	ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ၊
၄-၃-၀၇	မရမ်းကုန်း	ကျီး-၆၊ ခို-၁	ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ၊
၄-၃-၀၇	ဗိုလ်တထောင်	ကျီး-၃	နှစ်ကောင်မြေမြှုပ် တစ်ကောင်ခွာတ်ခွဲစမ်းသပ်ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ၊
၄-၃-၀၇	လှိုင်	ခို-၁၊ ကျီး-၁	ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ၊
၄-၃-၀၇	ဒဂုံမြို့သစ် (တောင်ပိုင်း)	ကျီး-၁	မြေမြှုပ်ဖျက်ဆီး
၄-၃-၀၇	တောင်ဥက္ကလာပ	စာကလေး-၁	ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ၊
၄-၃-၀၇	သန်လျင်	ကျီး-၁	မြေမြှုပ်ဖျက်ဆီး
၄-၃-၀၇	လှိုင်သာယာ	ကျီး-၁	ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ၊ ခြေထောက်ဒဏ်ရာ
၄-၃-၀၇	ကမာရွတ်	ကျီး-၁	ခြောက်နေ၍ စစ်ဆေး၍မရပါ၊
၄-၃-၀၇	ဗဟန်း	ခို-၄	ပုပ်နေ၍စစ်ဆေး၍မရပါ၊

(ခ) ကြက်၊ ဘဲသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှုကောင်ရေ	အရေးယူဆောင်ရွက်မှု
၄-၃-၀၇	မှော်ဘီ	တိုင်းရင်းကြက်-၂	မြေမြှုပ်ဖျက်ဆီး

၂။ ဖြစ်စဉ်အပေါ်သုံးသပ်ချက်

(က) ရန်ကုန်တိုင်းအတွင်း အင်းစိန်၊ မရမ်းကုန်း၊ ဗိုလ်တထောင်၊ လှိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ တောင်ဥက္ကလာ၊ သန်လျင်၊ လှိုင်သာယာ၊ ကမာရွတ်၊ ဗဟန်းတို့တွင် ကျီး၊ ငုံး၊ ခို၊ စာကလေး စုစုပေါင်း ၂၆ ကောင် မြေကျသေဆုံးခဲ့သော်လည်း ၁၀ ကောင်မှာ ပုပ်ပွနေခြင်း၊ ခြောက်သွေ့နေခြင်းတို့ကြောင့် မြေမြှုပ်ခဲ့ရပြီး ကျန် ၁၅ ကောင်ကို ခွာတ်ခွဲခန်းစစ်ဆေးကြည့်ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ။

(ခ) မှော်ဘီမြို့နယ်တွင် တိုင်းရင်းကြက်နှစ်ကောင် သေဆုံးမှုရှိခဲ့သော်လည်း အသေကောင်မှာ ပုပ်နေ၍ မြေမြှုပ်ခဲ့ရပါသည်။ အခြား ကြက်ဘဲသေဆုံးမှုမရှိပါ။

(ဂ) ငှက်သေဆုံးမှုများအပေါ် လေ့လာကြည့်ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း သုံးသပ်ရရှိပါသည်။

၃။ တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး

(က) ရောဂါပိုးအလွယ်တကူသယ်ဆောင်နိုင်သည့် ကျီးကန်းနှင့် စာကလေးများ ဝင်ထွက်သွားလာမှုကို သတိထား၍ ထိန်းချုပ်ရန်။

(ခ) ကြက်၊ ငှက်အသေကောင်များကို စားသုံးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ စည်းမဲ့စွန့်ပစ်ခြင်းများကို ရှောင်ကြဉ်ရန်။

(ဂ) မွေးမြူရေးခြံများအနေဖြင့် ဇီဝလုံခြုံမှုကို အထူးဂရုပြု၍ တင်းကျပ်စွာ ဆောင်ရွက်ထားရှိရန်။

၄။ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံးမွေးမြူထုတ်လုပ်သူ၊ ပြုပြင်သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါတားဆီးထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဒုတိယမြို့တော်ဝန် အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်းရှိ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် အမှတ်(၈) ရပ်ကွက်ရှိ အခွန်လွတ်ဈေးနှင့် ကမာရွတ်မြို့နယ် ဟံသာဝတီအခွန်လွတ် ဈေးများအတွင်း ရောင်းချနေမှုနှင့် စည်ကားသိုက်မြိုက်စွာ ဝယ်ယူနေသူများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ တာဝန်ရှိသူများအား ဈေးနှုန်းချိုသာစေရေး၊ အလေးချိန်ခွင် မှန်ကန်စေရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ပြည်သူများ စိတ်ချမ်းသာစေရေးအတွက် ဆင့်ကဲကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ပုဇွန်တောင် ချောင်တန်းတံတားတွင် ဆိုက်ကပ်ထားသည့် ရေငန်ငါးဖမ်းသင်္ဘောများ နေ့စဉ်ဝင်ရောက်မှု အခြေအနေနှင့် ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက် အစည်းအဝေးခန်းမ၌ နေ့စဉ်ရောင်းချပေးနိုင်ရေး အခြေအနေများကို မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ အနောက်ပိုင်းခရိုင် အမျိုးသား၊ အမျိုးသမီးအသင်းဗိုလ်စွဲ

ရန်ကုန် မတ် ၄

United Pacific Co., Ltd ၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက် (၁၈)နှစ်အောက် ခရိုင်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မတ် ၁ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲများအပြီး ဆုပေးပွဲ အခမ်းအနားကျင်းပရာ ဆုရရှိသည့် အားကစားအသင်းများ ကွင်းအတွင်း နေရာယူကြပြီးနောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြောက်ပိုင်းခရိုင်အသင်း၊ ဒုတိယဆုရရှိသည့် အရှေ့ပိုင်းခရိုင်အသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဒေါ်မြင့်မြင့်ဆွေက အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသည့် အနောက်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်မောင်မြင့်က အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြောက်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းလတ်က ဒုတိယဆုရရှိသည့် အရှေ့ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက ပထမရရှိသည့် အနောက်ပိုင်းခရိုင် အသင်းအား တစ်ဦးချင်းဆုများကို လည်းကောင်း၊ United Pacific Co., Ltd မန်နေဂျာ ဦးဝင်းမြတ်ဦးက အမျိုးသမီး အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုရရှိသူ အရှေ့ပိုင်းခရိုင်အသင်းမှ ခင်သူဇာငြိမ်းအား လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံး ခံစစ်အားကစားသမားဆုရရှိသူ အနောက်ပိုင်းခရိုင်အသင်းမှ ရီရီအောင်အား လည်းကောင်း၊ အမျိုးသမီးအထူးချွန်ဆုံး အားကစားသမားဆုရ အနောက်ပိုင်းခရိုင်အသင်းမှ ထိုက်ထိုက်သူအား လည်းကောင်း၊ အမျိုးသား အကောင်းဆုံးဆုရ ပြန်ကျဘောဖမ်းသူဆုရရှိသူ အရှေ့ပိုင်းခရိုင်အသင်းမှ စိုင်းသီဟစိုးအား လည်းကောင်း၊ အကောင်းဆုံး ခံစစ်အားကစားသမားဆုရ အနောက်ပိုင်းခရိုင်အသင်းမှ မြတ်ဇော်အားလည်းကောင်း၊ အမျိုးသား အထူးချွန်ဆုံး အားကစားသမားဆုရ အရှေ့ပိုင်းခရိုင်အသင်းမှ နေမျိုးမင်းအားလည်းကောင်း ဆုဖလားများနှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က အမျိုးသမီးပြိုင်ပွဲ ပထမဆုရ အနောက်ပိုင်းခရိုင်အသင်းအားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အမျိုးသားပြိုင်ပွဲ ပထမဆုရ အနောက်ပိုင်းခရိုင် အသင်းအားလည်းကောင်း တံခွန်စိုက်ဆုဖလားများနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာ ကော်မတီတို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား အသက် (၁၈)နှစ်အောက် ခရိုင်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ၌ United Pacific Co. Ltd **မန်နေဂျာ ဦးဝင်းမြတ်ဦးက အမျိုးသမီး အကောင်းဆုံး ပြန်ကျဘောဖမ်းသူ ဆုရရှိသူအား ဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ မတ် ၄ ရက်က ကျင်းပသည့် ၂၀၀၇ ခုနှစ် (၉)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဒုတိယရရှိသည့် မနန်းအမ်ကေခိုင်လျှမ်းအား ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ ချီးမြှင့်သည့် မာစတာဘွဲ့ Fide Master **လက်မှတ်ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နာယက ဦးကျော်သန်း ချီးမြှင့်ပေးအပ်စဉ်။**

(ကြေးမုံ)

အင်တာနက် အားကစားသတင်းများ

ဘလက်ဘန်းက ဘော်လ်တန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၄

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ ဘလက်ဘန်းအသင်းက ဘော်လ်တန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဒုတိယပိုင်းတွင် ဘလက်ဘန်းအသင်းမှ ဘန်နီမက္ကာသီ တစ်ဦးတည်းက ပယ်နယ်တီ ကန်သွင်းခြင်းမှတစ်ဆင့် နှစ်ဂိုးသွင်းပေးနိုင်သည်။ ပွဲချိန် ၅၈ မိနစ်နှင့် ၆၈ မိနစ်တို့တွင် မက္ကာသီ ဂိုးသွင်းခဲ့သည်။

ဘော်လ်တန်အသင်းမှ အနယ်လ်ကာသည် ပွဲချိန် ၈၇ မိနစ်တွင် ချေပဂိုး တစ်ဂိုး သွင်းယူခဲ့သည်။

အင်တာနက်

ပယ်နယ်တီ

ဘလက်ဘန်းအသင်းမှ မက္ကာသီ ဘော်လ်တန်အသင်းဘက်သို့ ပယ်နယ်တီ ကန်သွင်းစဉ်။ *(ဓာတ်ပုံ အင်တာနက်)*

မန်ချက်စတာစီးတီး အသင်း၏ နောက်တန်းလူ ဆန်ဂျီဟိုင်း။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်လူမျိုး ဘောလုံးသမား ဆန်ဂျီဟိုင်း ကြိုးစားရုန်းကန်နေရဆဲ

မန်ချက်စတာ မတ် ၄

အင်္ဂလန် ဘောလုံးလောကနှင့် အင်္ဂလိပ်လူမျိုးတို့၏ ဓလေ့ထုံးစံနှင့် ကိုက်ညီသည့် ဘောလုံးသမားအဖြစ် ရပ်တည်နိုင်ရန် မိမိကြိုးစားရုန်းကန်နေရဆဲပင်ဖြစ်ကြောင်း တရုတ်လူမျိုး ဘောလုံးသမား ဆန်ဂျီဟိုင်းက ယနေ့ ပြောကြားလိုက်သည်။

ဆန်ဂျီဟိုင်းသည် ဘောလုံးကစားရန် တရုတ်နိုင်ငံမှ အင်္ဂလန်သို့ ရောက်ရှိလာခဲ့သည်မှာ ငါးနှစ်ရှိခဲ့ပြီဖြစ်သည်။ မန်ချက်စတာစီးတီးအသင်း၏ နောက်တန်းလူ ဆန်ဂျီဟိုင်းသည် ထိခိုက်ဒဏ်ရာရမှုများကို ဆက်တိုက်တွေ့ကြုံခဲ့ရပြီး အားလျော့ဖွယ်ရာ ဘောလုံးရာသီကို ဖြတ်သန်းခဲ့ရသည်။ မိမိသည် မိသားစုနှင့်အတူ အင်္ဂလန်တွင် ငါးနှစ်ကြာနေထိုင်ခဲ့ပြီးဖြစ်သော်လည်း ၎င်းတို့၏ လူနေမှု၊ ယဉ်ကျေးမှုတို့နှင့် သဟဇာတမဖြစ်သေးကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်

ဂိုးစည်းနည်းပညာ အသုံးပြုရန် ဘောလုံးအဖွဲ့ချုပ်များ သဘောတူညီ

မန်ချက်စတာ မတ် ၄

ဘောလုံးပြိုင်ပွဲများတွင် ဂိုးဝင်၊ မဝင် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ဂိုးစည်းနည်းပညာ (Goal-Line Technology) ကို အသုံးပြုသင့်ကြောင်း နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ်များ၏ ဘုတ်အဖွဲ့က ယနေ့ ထောက်ခံချက်ပေးလိုက်သည်။ အဆိုပါဘုတ်အဖွဲ့တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၊ အင်္ဂလန်၊ ဝေလ၊ စကော့တလန်နှင့် မြောက်ပိုင်းအိုင်ယာလန်တို့မှ ဘောလုံး အဖွဲ့ချုပ်များ ပါဝင်သည်။

ဂိုးစည်းကိုဖြတ်သန်းလျက် ဂိုးဝင်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်နိုင်ရန် ဂိုးစည်းနည်းပညာကို အသုံးပြု သင့်၊ မသင့် မဲခွဲဆုံးဖြတ်သွားရန် နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ်များ၏ ဘုတ်အဖွဲ့က သဘောတူညီသည်။

မိုက္ကရိုချစ်(ပ်) အသုံးပြုသည့် ဂိုးစည်းနည်းပညာကို လက်ခံမည်ဆိုပါက ဘောလုံးပွဲဒိုင်လူကြီးများ၏ အဆုံးအဖြတ်အတွက် အထောက်အကူဖြစ်စေရန် အခြားသော အီလက်ထရွန်းနစ်ပစ္စည်းကိရိယာများကို သုံးစွဲရန်ခွင့်ပြုပေးမည် မဟုတ်ကြောင်း အဆိုပါဘုတ်အဖွဲ့က ပြောကြားသည်။

ဂိုးစည်းနည်းပညာကို မည်သည့်အချိန်တွင် စတင်အသုံးပြုရန် အချိန်ဇယား သတ်မှတ်ချက်မရှိသေးပေ။ ***အင်တာနက်***

ကာတာအိုးပင်း တင်းနစ်ပြိုင်ပွဲ ဘယ်လ်ဂျီယံ တင်းနစ်မယ် ဗိုလ်စွဲ

ဒိုဟာ မတ် ၄

ကာတာနိုင်ငံ ဒိုဟာမြို့တွင် စနေနေ့က ကျင်းပသည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံနိုင်ငံမှ တင်းနစ်မယ် ဂျပ်စတင်း ဟီနင်က ရုရှားတင်းနစ်မယ် ဆဗက်လာနာကက်စနက်ဆိုဗာအား ၆–၄၊ ၆–၂ ဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲသွားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဟီနင်သည် ကာတာအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခြင်းဖြင့် အမေရိကန်ဒေါ်လာ ၂၂၂၀၀၀ ကို ဆုငွေအဖြစ်ရရှိသည်။ ကက်စနက်ဆိုဗာမှာမူ ဒေါ်လာ ၁၁၇၀၀၀ ရရှိသည်။

ဟီနင်သည် ကမ္ဘာ့အမျိုးသမီးတင်းနစ်အဖွဲ့ချုပ် (ဒဗလျူတီအေ)၏ ကမ္ဘာ့အဆင့်အတန်း သတ်မှတ်ချက်အရ နံပါတ် (၂)နေရာတွင် ဆက်လက်ရပ်တည်နေပြီး ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာ၏ပြိုင်ဘက်အဖြစ် ရပ်တည်လာနိုင်ပြီဖြစ်သည်။ ဟီနင်သည် လွန်ခဲ့သည့် ရက်သတ္တပတ်ကလည်း ဒူဘိုင်း အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်။ ***အင်တာနက်***

ကာတာ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် ဘယ်လ်ဂျီယံတင်းနစ်မယ် ဂျပ်စတင်းဟီနင်။

(ဓာတ်ပုံ–အင်တာနက်)

ပန်းတစ်ပွင့်တောင်ထွတ် စေတီတော်များ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၄

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာန နာယကချုပ် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရကြီးမှူး တည်ဆောက်လျက်ရှိသော ပန်းတစ်ပွင့်တောင်ထွတ်ရှိ ဆုတောင်းပြည့် အောင်ဇမ္ဗူဟိန်း စကြာရှင် ဆယ့်တစ်မီးငြိမ်း စေတီတော်ကြီး ရင်ပြင်တော်ပေါ်တွင် ကိုးတောင်ပြည့် စေတီတော်၂၇ဆူနှင့် နဂါးရုံဘုရားကိုးဆူတို့အနက် တစ်ဆူလျှင် ငွေကျပ်ကိုးသိန်းဖြင့် လှူဒါန်းထားသည့် အလှူရှင်များ၏ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို မတ် ၁၁ရက် နံနက်ပိုင်းတွင် ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

MLA INTERNATIONAL
Enroll Now!
Summer Course on English Language Proficiency Programme
No.36, Wingaba Road, Bahan Township, Yangon
Ph: 548905, 705066
March, April, May - 2007
8:00 AM to 1:30 PM
(Monday to Friday)

ဖြူးဆရာတော် ပြည်ပကြွရောက်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာနှင့် ဖြူးမြို့ ပင်စင်လမ်းရှိ မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက၊ ဗဟုဇန ဟိတဓရ သာသနဓဇ ဓမ္မာစရိယ) အရှင်သူမြတ်သည် မတ်၃ ရက်တွင် ဗန်ကောက်မြို့သို့ ကြွရောက်ရာ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက လိုက်ပါပို့ဆောင်ကြသည်။။(က-ပ)

7 DAY SPORTS journal
သင့်အတွက်
အသစ်လွင်ဆုံး အလတ်ဆတ်ဆုံး အပြည့်စုံဆုံး
အားကစားဆိုင်ရာသတင်းများ သတင်းဆောင်းပါးများ ကဏ္ဍစုံလင်စွာ
ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။
ထွက်ပြီ
Tel: 01-243 542
09-51-73255

စေ့စပ်ကြောင်းလမ်းညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၇၃၈)နေ
ဦးစိန်ဝင်း(အမှုဆောင်ဒါရိုက်တာ၊ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်)-
ဒေါ်မြတ်နွယ်(အလပြ-ငြိမ်း)တို့၏ ဒုတိယသား

မောင်ဝင်းဝဏ္ဏ B.E(EP),Dip(Building,YTU)
Assistant Electrical Engineer
(Astrol Security Engineering, Singapore)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၇၈၆)နေ
ဦးစိုးသိန်း(First Engineer, New Asian Shipping Company Limited)-
ဒေါ်စန္ဒာကြည်(Than yawzin Food & Drink)တို့၏ သမီးထွေး

မစိုးစန္ဒာစု B.E(Civil)
Higher Diploma in Business Administration,Singapore

တို့၏ ၄-၃-၂၀၀၇ ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော ကျွန်တော်၊ ကျွန်မတို့၏ စေ့စပ်ကြောင်းလမ်းညှော်ခံပွဲတွင် စေ့စပ်မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော မိဘရိပ်ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့-သီတဂူ ဦးနိုင်ဦးနှင့် သီရိသုဓမ္မသင်္ဂီ သီတဂူ ဒေါ်အေးသိန်းတို့အားလည်းကောင်း၊ စေ့စပ်ကြောင်းလမ်း ညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးဝင်းတင်အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝင်းဝဏ္ဏ-မစိုးစန္ဒာစု

ဂုဏ်ပြုချီးကျူးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

မကွေးမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး၊ ဆရာတော်များ၊ သီလရှင် ဆရာကြီး၊ သက်ကြီးပုဂ္ဂိုလ်များနှင့် စာပေဆုရသူများအား ဂုဏ်ပြုချီးကျူးပွဲကို မတ် ၃ ရက် နံနက်ပိုင်းက တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်) အမှူးပြုသော ဆရာတော် များအား မကွေးမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအေးကိုက လှူဖွယ်ပစ္စည်းများကို လည်းကောင်း **(အပေါ်ပုံ)** မကွေးတိုင်း မကွေးမြို့ သီရိစန္ဒာရုံကျောင်းတိုက်မှ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသည့် သီလရှင်ဆရာကြီး ဒေါ်သိင်္ဂီဝတီအား အသင်းဥက္ကဋ္ဌ၏ ဇနီး ဒေါ်နုနုခင်က ဂုဏ်ပြုလွှာကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အမှုဆောင်အဖွဲ့ဝင်များက သက်ကြီး ပူဇော်ခံပုဂ္ဂိုလ်များအား ဝတ္ထုငွေများပေးအပ် ပူဇော်ကန်တော့ကြပြီး ၂၀၀၅ခုနှစ် စာပေဗိမာန်စာပေဆု၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုနှင့် ၂၀၀၆ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသော စာရေးဆရာ မြေလတ်မင်းလွင်၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာပဒေသာဆုရရှိသော စာရေးဆရာတင်လင်းဇော်တို့အားဂုဏ်ပြုဆုများချီးမြှင့်ကြသည်။(က-ပ)

ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော VIRTUE INTERNATIONAL LIMITED မှ ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

◆ လုပ်သားအရေအတွက်	-	(၂၅၀) ဦး
◆ အသက်အပိုင်းအခြား	-	အသက် (၂၀-၄၀)နှစ်
◆ အခြေခံလစာ	-	တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့် အထက်
◆ အချိန်ပို	-	တစ်နေ့လျှင် ၂ နာရီနှင့်အထက်
◆ အချိန်ပိုလုပ်ခ	-	(၁.၅)ဆ ရရှိမည်။
◆ နေရာထိုင်ခင်း	-	အလုပ်ရှင်မှ စီစဉ်ပေးမည်။
◆ ဝန်ဆောင်ခ	-	FEC 100နှင့် ညီမျှသောမြန်မာကျပ်ငွေ

ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံဥပဒေအတိုင်း ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက
VIRTUE INTERNATIONAL LIMITED
အမှတ် - ၅၂(၃A)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁ -၂၉၀၂၅၀၊ ၀၁ -၂၀၂၃၉၆၊ ၀၉ ၅၀၁၆၉၁၉ ဆက်သွယ်နိုင်ပါသည်။
◆ နယ်ကိုယ်စားလှယ်ရုံးခွဲလုံးဝမရှိပါ ◆

ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော VERTEX PALACE SERVICES COMPANY LIMITED (အထွင့်အထိပ်နန်းတော်) မှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

◆ လုပ်သားအရေအတွက်	-	(၂၅၀) ဦး
◆ အသက်အပိုင်းအခြား	-	အသက် (၂၀-၄၀)နှစ်
◆ အခြေခံလစာ	-	တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့် အထက်
◆ အချိန်ပို	-	တစ်နေ့လျှင် ၂ နာရီနှင့်အထက်
◆ အချိန်ပိုလုပ်ခ	-	(၁.၅)ဆ ရရှိမည်။
◆ နေရာထိုင်ခင်း	-	အလုပ်ရှင်မှ စီစဉ်ပေးမည်။
◆ ဝန်ဆောင်ခ	-	FEC 100နှင့် ညီမျှသောမြန်မာကျပ်ငွေ

ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံဥပဒေအတိုင်း ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက
VERTEX PALACE SERVICES COMPANY LIMITED
အမှတ် - ၁၉၁၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁ -၂၅၆၇၂၃၊ ၀၉ ၅၁၅၁၀၆၄ ဆက်သွယ်နိုင်ပါသည်။
◆ နယ်ကိုယ်စားလှယ်ရုံးခွဲလုံးဝမရှိပါ ◆

နွေရာသီ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ်အမှတ်(၁၆) မဟာစည်သာသနာ့ရိပ်သာကြီး၌(၃၇)ကြိမ်မြောက်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၀ရက်မှ ဧပြီ၁၀ရက်အထိ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား၊ သင်တန်းသူများ မတ် ၁၀ရက်၊၁၁ရက်နှင့် ၁၂ရက်များတွင် သာမဏေ၊ သီလရှင်ဝတ်ရက်သတ်မှတ်၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က-ပ)

အင်းဝမြို့မှ နဝင်းကျော်ဘနရိုကြီး(၉)ကြီးအောင်မြေနှင့် အဓိဋ္ဌာန်ကျင့်စဉ်၊ ကိုးရက်အဓိဋ္ဌာန်ကျင့်စဉ်မှန်၊ အစွမ်းထက်ဂုဏ်တော်ကိုးပါး အထူးကျင့်စဉ်၊ ကျိုက်ထီးရိုးတောင်ပေါ်မှ သေရာမှရှင်ထူးထူးဆန်းဆန်း ... စသည် စသည်တို့ဖြင့် - -

အမှတ်(၂၀) ၂၀၀၇ခုနှစ် ဧပြီလ
သိုက်မှူး မဂ္ဂဇင်း
ထွက်ပြီ
ဖြန့်ချိရေး ပညာရွှေတောင် ၀၁-၂၄၀၆၉၀

PEOPLE
ခွင့်ပြုချက်အမှတ်- ၅၄၀၁၄၀၀၂၀၇
မျက်နှာဖုံးရှင် ထက်ထက်ဝင့်
one day စိုးမြတ်သူဇာ ရဲ့တစ်နေ့တာ
ACTION NOW
Stars' Chat Room
နွေနှင့် ခရီးအကြောင်း
နဝရတ်နှင့်အထူးအင်တာဗျူး
ရဲလေး
အားရင်ဘာလုပ်
People Magazine March 2007 ထွက်ပြီ

"Bring the best to your child during this Summer!"
↗ အင်္ဂလိပ်စာအထူးပြုသင်ကြားမှု
↗ ကွန်ပျူတာသင်ခန်းစာ
↗ ကိုးကြောင်းဆင်ခြင်တွေးခေါ်တတ်မှုစွမ်းရည်
↗ ခေါင်းဆောင်နိုင်မှုစွမ်းရည်
↗ နိုင်ငံတကာအဆင့် Camp များ
↗ ပန်းချီ အနုပညာ တေးဂီတနှင့် အက
↗ အားကစားလှုပ်ရှားမှုများ
↗ ပြည်တွင်း ပြည်ပလေ့လာရေးခရီးများ
For ages 3 years and above
Tel: 296552 293754
526456 557448 ext 849
524599 501976
TOTAL SUMMER SCHOOL
between March through May 2007
ကျောင်းအပ်လက်ခံနေပါပြီ။
TOTAL Learning Academy
TOTAL Kids School
Scientific Learning.

တာဝန်ခံအယ်ဒီတာ
ဝိန်ဝိန်
ဟာသမဂ္ဂဇင်း
APRIL, 2007
ထွက်ပါပြီ
အရမ်းကတို့ . . . ဟရို !!!

ဒီလဟာဒယစာမျက်နှာများထက်ပေါ်မှာရေကစားကြသူများကတော့ ... နှင့်ကိုငြိမ်းဦးတို့ပျော်ရွှင်စွာရေကစားနေကြကြောင်းပါ အရုပ်ကတို့ . . ဟရို . . ဟိုဟိုဟို . . တူးပို့ . . တူးပို့ . . !!!!! Ph : 245284, 379487

ပျင်းရင်၊ ကျယ်ချင်၊ အစာကြေချင်၊ စိတ်ညစ်ပြေချင်၊ အလွမ်းပြေချင်၊ အဖြေတစ်ခုရလိုချင်လျှင် ဟာဒယဟာသမဂ္ဂဇင်းကို အမြန်သာရှာဖတ်လိုက်ပါ။

ဓာတ်ပေါင်းစုစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားနှင့် မနောရမ္မ သာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ပရိသတ်များ လှိုင်သာယာမြို့နယ် ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန်ရှိ ဓာတ်ပေါင်းစုစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် မနောရမ္မသာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ရှိ ဘောဂဝတီကုန်းတော်တွင် တည်ထားကိုးကွယ်သည့် မဟာတေဇမုနိ စေတီတော်ပရိဝုဏ်အတွင်း ဓာတ်ပေါင်းစု စေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် မနောရမ္မ သာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ စေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မဟာတေဇမုနိစေတီတော်၏ ထီးတော်အလှူရှင် ဦးကျော်ညွှန့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံကျော် အဆိုတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ လူမှုထူးချွန်ပထမဆင့် ဦးထွန်းရွှေက ထူးမခြားနား ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ သီချင်းခန့်ဖြင့် သီဆိုပူဇော်၍ မင်္ဂလာစည်တော် အဖွဲ့က မင်္ဂလာဒွေခရနှင့် အောင်စည် အောင်မောင်းတို့ကို ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေး ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နီပေါအထမ်းသမားများ၏ ထူးခြားစွမ်းရည် ပေါင် ၁၀၀ ကျော် ဝန်ထုပ်ကို တောင်ပေါ်သို့သယ်နိုင်

ကြေးမုံ အင်တာနက်သတင်း

ပေ ၁၁၅၀၀ အမြင့်ရှိ နမ်ချီ တောင်ထွတ်ပေါ်သို့ ဝန်ထုပ်ဝန်ပိုးများထမ်းကာ တက်ရောက်နေကြသော နီပေါအထမ်းသမားများ။
(ဓာတ်ပုံ-အင်တာနက်)

ခတ္တမန္ဒူ မတ် ၄

နီပေါနိုင်ငံမှ အထမ်းသမားများ၏ စွမ်းပကားမှာ အံ့သြစရာဖြစ်ကြောင်း၊ ၎င်းတို့သည် ကမ္ဘာတစ်ဝန်း၌ ကျွမ်းကျင်မှုအရှိဆုံး ကုန်ပစ္စည်း သယ်ယူပို့ဆောင်ပေးသူများဖြစ်ကြောင်း သုတေသနလေ့လာချက်တစ်ရပ်ကို ကိုးကားလျက် မတ် ၄ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

နီပေါအထမ်းသမားများသည် သာမန် လူသားစွမ်းအားထက် ပိုလွန်သည့် စွမ်းအားရှိသည်ဟု ထင်မှတ်ရသည်။ ၎င်းတို့သည် ဟိမဝန္တာတောင်စဉ်တောင်တန်း၏ မတ်စောက်သော ခရီးကြမ်းတွင် ပေါင် ၁၀၀ ကျော်လေးသည့် ဝန်ထုပ်ကို သယ်ဆောင်လျက်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●